]]Zevr;a&puEi ocib&m;\vu....}}

## စာရေးသူထံမှ .....

ကျေးဇူးတော်ကြောင့် (၅၂) အုပ်မြောက်သော ညစဉ်ခွန်အားကို ရေးသားတင်ဆက်ဝေငှခွင့်ရခဲ့သောကြောင့် ဘုရားသခင်အား ကျေးဇူးတင်ပါ၏။ လွန်ခဲ့သောလက ချောင်းသာကမ်းခြေမှာ ကျမ်းစာသင်တန်းပေးနေစဉ် မိုးသက်မုန်တိုင်းနှင့် ကြုံသဖြင့် ပြေးလွှားပုန်းအောင်းရသောအခါ စိတ်လည်းပူရ၊ နောက်တစ်လ ညစဉ်ချစ်သူများနှင့် တွေ့မှတွေ့ရတော့မလားဟု စိုးရိမ်မိသော်လည်း မုန်တိုင်းအောက်မှ လွတ်မြောက်ခွင့်ရခဲ့ပါ၏။

ထုတ်လုပ်မှုစျေးနှုန်းမုန်တိုင်းများက တဖန်တိုက်ခတ်ပြန်ရာ ဒီတစ်လတော့ သွားပါပြီဟု အောက်မေ့ပြန်သော်လည်း ကူညီမစသော မွေးနေ့ရှင်နှင့် ကျေးဇူးတော်ချီးမွမ်းသူများကြောင့် ညစဉ်ခွန်အား ထွက်ပေါ်လာရပြန်၏။ တကယ်တော့ ဘာမှမပိုင်၊ ဘာမှ အစိုးမရသော အညတြလူသားများကို ဘုရားရှင်ပို့ဆောင်ခဲ့၊ ကွယ်ကာခဲ့ပါ၏။ နေ့စဉ်နှင့်အမျှအတောင်တော်အရိပ်အောက်မှာ ဘေးလွတ်လုံခြုံစွာ နေရခြင်းကပင် ကိုယ်တော်၏ မေတ္တာသက်သေဖြစ်ပါသည်။ ခဲယဉ်းသော ကာလဖြစ်သည့်တိုင် . . . အစဉ်အဖြင့် ဖေးမသောသခင်၏လက်များကို ဖွန်လ၏ သုန်ဖျင်းသော မိုးရေစက်ကြားမှာ ဆွဲကိုင်ရင်း ညစဉ်ချစ်သူများအတွက် လှပသော အိပ်မက်များ မက်ခွင့်ကိုရကြပါစေ. . . ဟု ဆုတောင်းမေတ္တာပို့သပါသည်။

ကွယ်ကာရာကျောက်၊ ကိုယ်တော်ဖြစ်၏။ မုန်တိုင်းကျသောအခါ ကွယ်ကာရာ. . . ။

အနီးစေပါ. . . အစဉ်မစရန်၊ မုန်တိုင်းကျသောအခါ ကွယ်ကာရာ. . . . ။

ဘုရားရှင်၏ ကွယ်ကာခြင်းကို ခံစားရကြပါစေ။

အစဉ်သဖြင့် . . .



(ဆိုး)




■ Author & Editor: ဆိုး ■ Supporter: သန္တာရွှေ

■ Distribution : သွဲ့ဖော၊ မူအိုင်း၊ နေခြည်နွေးနွေး၊ ထူးအုပ်စိုး၊ ထွန်းထွန်းဇော်၊ လယ်လားရှိုးနှင့် သမီးချော ■ Admin : တွယ်တာထွန်း၊ အယ်ခူ၊ ဒင်နီယယ် ■ Logo : မျိုးမင်းသော် (Bible league) ■ Design: စစ်ငြိမ်းအေး ■ Address : ၈၉၃ (ခ)၊ ည/၁၁ ရပ်ကွက်၊ ဘုရင့်နောင်လမ်းသွယ် (၃)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။ ■ တဆင့်ဖုန်း ၆၁၀ ၄၂၇၊ ၆၁၀ ၉၉၄၊ ၆၁၀ ၉၉၃ ■ Cover: K.P.T Group ■ ခရစ်ယာန်အသင်းတော်အတွင်းကန့်သတ်ဖြန့်ဝေသည်။တန်ဖိုး-မေတ္တဒါန ■ မျက်နှာဖုံးရှင် နယ်လစင်ဘဝင်းနှင့်သူငယ်ချင်းများ


ဇက်လင်ကြယ်. . . မှ စီစဉ်တင်ဆက်သည်။

**ဇွန်လ (၁) ရက်၊ ၂၀၀၆ ခုနှစ် (ကြာသပတေးနေ့)**

မိုးကောင်းကင်သည် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ကြားပြော၍ မိုယ်းမျက်နှာကြက်သည် လက်တော်နှင့် လုပ်သောအရာများကို ပြသ၏။ (ဆာလံကျမ်း၊၁၉း၁)

## “ဇွန်လ၏ တန်ဖိုး ...”

မည်သို့ပင်ဖြစ်စေ. . . ဘုရားသခင် ဖန်ဆင်းပေးသော လအသစ်တစ်လကို စတင်ခံစားခွင့်ရခဲ့ပြန်ပါပြီ။ ပူလောင်ခြင်းများ အဆုံးသတ်၍ စိုစွတ်သော မိုးဦးကာလကို တစ်ဖန်ဆုံဆည်းရပါ၏။ ဤနေ့ ဤည ဤကာလများသည် စင်စစ်ဘုရားရှင်ခွင့်ပေးသနား၍ အသက်ရှင်ခြင်းဆုကျေးဇူးနှင့်တကွ ဘေးလွတ်လုံခြုံစွာနေရသော အခွင့်၊ ဝစွာစားရသော အခွင့်ကို ရကြပါသည်။ အချိန်မှန်မှန်ဆိုက်ရောက်လာသော မိုးရေများနှင့် ဇွန်လကို အချို့က ဘုရားသခင် ဖန်ဆင်းသည်ဟု မအောက်မေ့ပဲ သဘာဝ (Nature) ဟု ယူဆကြပါသည်။ တကယ်တော့ အဲဒီသဘာဝကိုပဲ ဘုရားရှင်ဖန်ဆင်းခဲ့တာပါ။ ပါမောက္ခမီလီကန် ဆိုသူက ‘ဘုရားသခင်သည် ဆက်လက်ဖန်ဆင်းလျက်ရှိသေး၏. . .’ ဟူသော အဆိုကိုရေးသားဖော်ပြခဲ့ဖူးပါသည်။

သဘာဝတစ်ခုပဲဟု ပြောရမည့်လေထုထဲမှာ ကျွန်တော်တို့ အသက်ရှူရသည့် အောက်စီဂျင်. . . ဟူသည့် ဓာတ်ငွေ့ကို ပထမဦးဆုံး ရှာဖွေတွေ့ရှိ ထုတ်လုပ်ခဲ့သူ ဂျိုးဇက်ပရက်စလေဖြစ်ပါသည်။ ဘုန်းတော်ကြီးတစ်ပါးဖြစ်သူသည် ဤတွေ့ရှိမှုအတွက် ဝမ်းမြောက်ဝမ်းသာနှင့် အကြိမ်ကြိမ်ကျေးဇူးတော်ချီးမွမ်းခဲ့ပါသတဲ့။ အောက်စီဂျင်ကို ထုတ်လုပ်နိုင်သော အောင်မြင်မှုကို ကြည်နူး၍ မဆုံးခင် သူ့အား မနာလိုသော သူများက သူနေသော ကျောင်းကို မီးရှို့ကြသဖြင့် ဘုန်းတော်ကြီးခမျာ လန်ဒန်မှတစ်ဆင့် နော်သန်ဘာလင်နယ်သို့ ထွက်ပြေးခဲ့ရပါသည်။ သို့သော်လည်း သူ ဖော်ပြခဲ့သော လေထဲမှ အောက်စီဂျင်အကြောင်းကတော့ တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့ခဲ့ပါ၏။ ဘုရားသခင်ဖန်ဆင်းစီရင်သော သဘာဝကို တအံ့တသြနားလည်ခွင့်ရခဲ့ကြပါသည်။

နေ့အချိန်မှာနေအားဖြင့်လည်းကောင်း၊ ညအချိန်မှ လအားဖြင့်လည်းကောင်း ကမ္ဘာသည် လင်းရပါ၏။ လူသားတို့ သောက်ဖို့ရန် စမ်းရေအေးနှင့် ရှူရှိုက်ဖို့ရန် လေနုအေးများကိုလည်း အခမဲ့ ပြင်ဆင်ထားပါ၏။ ထိုအရာများကို အခမဲ့ရသောကြောင့် တန်ဖိုးမရှိဟု အောက်မေ့လျှင် မှားပါသည်။ သဘာဝသည် စင်စစ်တန်ဖိုးကြီးသော ဘုရားသခင်၏ လက်ဆောင်ဖြစ်ပါသည်။ သို့သော် သဘာဝကို တန်ဖိုးမထား၊ အလွဲသုံးစားကြသဖြင့် ဘုရားသခင်၏ ဘုန်းအသရေကို ကြားပြောရန် ခက်ခဲလာပါသည်။ အချိန်မှန်မှန် ရောက်လာသော ဇွန်လ၏ ကောင်းချီးမိုးရေများကို အခမဲ့ရခဲ့ပြန်ပါပြီ။ ဤသဘာဝကို တန်ဖိုးထားကြပါစို့။ ဇွန်လသည် ဘုရားသခင်၏ ဘုန်းအသရေကို ကြားပြောစေခြင်းငှာ ရောက်လာပြီဖြစ်၍ ဤတစ်လတွင် အလိုတော်အတိုင်း အသက်ရှင်လျက် သဘာဝ၏ တန်ဖိုးကို ဆင်ခြင်ကြပါစို့။



**ဇွန်လ (၂) ရက်၊ ၂၀၀၆ ခုနှစ် (သောကြာနေ့)**

ဓမ္မအစာကို အတူစားကြသည်ဟူ၍လည်းကောင်း၊ ဓမ္မရေကို အတူသောက်ကြသည်ဟူ၍လည်းကောင်း သင်တို့မသိမမှတ်ဘဲနေနေစေခြင်းငှာ ငါအလိုမရှိ။ ထိုကျောက်ကားခရစ်တော်ဖြစ်သတည်း။ (၂ ကော၊၁၀း၃)

## “ဓမ္မရေ...”

ဥက္ကံမြို့နယ်မှာရှိသော ‘ဘုတစ်ရာ’ ကျေးရွာကလေးမှာ ကျမ်းစာသင်တန်းပေးဖို့ ကျွန်တော်ရောက်ခဲ့ပါသည်။ ဥက္ကံမြို့မှ သကြားစက်အထိ ကားစီးပြီးနောက် ထိုသကြားစက်ရှိသော ဥယျာဉ်ကြီးရွာမှ ဘုတစ်ရာရွာသို့ စက်ဘီးကယ်ရီနှင့် ခရီးဆက်ရန်ဖြစ်ပါ၏။ ဖြစ်ချင်တော့ ထိုနေ့ကျမှ စက်ဘီးအငှားလိုက်သူတစ်ယောက်မှ မရှိသဖြင့် လမ်းဘေးနားက သရက်ပင်ရိပ်မှာ သုံးလေးနာရီကြာအောင် စောင့်နေရပါသည်။ ပြေနေ၏ အပူဒဏ်အောက်မှာ ထိုင်နေရင်းလမ်းဘေးက ရေအိုးစင်ကို တွေ့ပါသည်။ ရေအိုးစင်အနားကပ်သွားသောအခါ မြေအိုးထဲက ရေကြည်ကြည်ကို သောက်ချင်စဖွယ် တွေ့ပြန်သည်။ ရေခွက်ကိုကြည့်တော့ ဓာတ်ဗူးအဖုံးဟောင်းကို ခွက်အဖြစ် တင်ထားပါ၏။ ချေးအထပ်ထပ်နှင့် မဲညစ်နေသောကြောင့် ထိုခွက်နှင့်ရေခပ်သောက်ရမှာ စိတ်မပျော်ပါ။ ဒါနဲ့ပဲ မသောက်ဖြစ်ပဲ အောင့်အည်းကာ ပြန်ထိုင်မိပါသည်။

နေကပို၍ ပူလာသည်။ လေပူကလည်း တဖြည်းဖြည်းသွေးဆောင်လာပြန်၏။ ခန္ဓာကိုယ်တစ်ခုလုံးချွေးပြန်လျက် သရက်ပင်ရိပ်မှာပင် မသက်မသာပူလောင်စွာ ခံစားရပါသည်။ ရေသောက်ချင်စိတ်က ပို၍ပို၍ပြင်းထန်လာရာ ရေအိုးစင်နားကပ်မိပြန်၏။ ဓာတ်ဗူးအဖုံးဟောင်းကို မြင်လျှင် သောက်ရမှာ မသတီတော့ပါ။ လူပေါင်းများစွာ၏ လက်ပေါင်းများစွာမှ ချေးညှော်များစွဲထင်နေသော ဓာတ်ဗူးဖုံးကလေးက သောက်ချင်စိတ်ကို ပယ်ဖျက်သဖြင့် မသောက်ဘဲ နေပြန်၏။ သို့သော် နောက်ထပ်နာရီဝက်သာ အောင့်နိုင်ပါသည်။ နေကအလွန်ပူ၊ ချွေးကအလွန်ထွက်၊ အာခေါင်ကအလွန်ခြောက်လာရာဖြစ်ချင်ရာဖြစ်စေတော့။ ခွက်ကိုကိုင်၍ ရေကိုခပ်ပြီး မျက်စိကိုမှိတ်၊ နှာခေါင်းပိတ်လျက်. . . တစ်ချက်တည်းမော့ချလိုက်ရာ. . . ငန်ကျိကျိ၊ ချိုတိုတို. . . ရေအေးအေးကလည်ချောင်းထဲ ဝင်သွားပါလေ၏။ မထူးတော့ဘူး။ နောက်. . . တစ်ခွက်၊ နောက်တစ်ခွက်နှင့် သောက်လိုက်ရာ. . ရေငတ်ပြေသွား၍ နေသာထိုင်သာရှိသွားပါ၏။ ရေအိုးရှင်ကိုလည်း ကျေးဇူးတင်မိပါသည်။

ကျမ်းစာ၌. . . ရေနှင့်သက်ဆိုင်သောအကြောင်းများစွာကို ဖတ်ရပါသည်။ မောရှေက ကျောက်ကို ရိုက်သောအခါ ရေများထွက်လာပါသည်။ ထိုရေကိုသောက်၍ ဣသရေလလူတို့သည်ခွန်အားပြည့်လျက် နှစ်လေးဆယ်ခရီးကို ဆက်နိုင်ကြပါသည်။ ရှင်ပေါလုက. . . ခရစ်တော်သည် ထိုကျောက်ဖြစ်၍ ထိုကျောက်ကွဲရာမှ ထွက်သောဓမ္မရေကို သောက်ရမည်ဟု သွန်သင်ခဲ့ပါသည်။ သခင်ယေရှု၏ ဓမ္မရေကိုမှီဝဲ၍. . အသက်ရှင်ခြင်းငှါ သခင်ဘုရားအလိုရှိပါသည်။ ထိုသွန်သင်ချက်ကို မသိမမှတ်ပဲမနေဖို့ ကျမ်းစာလာပါသည်။ တစ်ယောက်စီသည် ဓမ္မရေကို သောက်လျက် ဝိညာဉ်ရေကို တည်ဆောက်ရပါမည်။

## ဇွန်လ (၃) ရက်၊ ၂၀၀၆ ခုနှစ် (စနေနေ့)

ခရစ်တော်သည် ငါတို့အဖို့ အလို့ငှါအသက်တော်ကို စွန့်တော်မူသည်အရာကို ငါတို့သည် ထောက်၍ မေတ္တာတော်ကို သိရကြပြီ။ (ရှင်ယောဟန်ဩဝါဒစာပထမစောင်၊ ၃း၁၆)

# "မေတ္တာတော်ကို…"

အမျိုးသမီးတာဝန်ခံကလေးသည် ငယ်ရွယ်သူဖြစ်ပါ၏။ ချောမောလှပ၍ မျက်ဝန်းလှလှ၊ ဆံပင်ရှည်ရှည်၊ နှုတ်ခမ်းပါးပါးနှင့် ကျက်သရေရှိသော ရုပ်သွင်ရှိပါသည်။ ကျွန်တော်ကိုလာကြိုရင်း ဥယျာဉ်ကြီးရွာ၊ ကားလမ်းနဘေး၊ နေပူပူမှာ ကြာရှည်စွာစောင့်နေရစဉ်မှာ ကျွန်တော်က စကားစပါ၏။ မနှစ်က ဆရာမ မင်္ဂလာဆောင်မယ်ဆို. . ၊ မဆောင်ဖြစ်ဘူးလား။ ကျွန်တော်တို့ ဖိတ်စာကိုစောင့်နေတာဟုပြောလျှင် ဆရာမဝါးဝါးဖောသည် မျက်နှာညိုးသွားပါ၏။ နေပူပူမှာသက်ပြင်းရှည်ကိုချလျက်. . . အလိုတော်မရှိဘူးနဲ့တူပါတယ်. . . ဟုဖြေရင်း၊ သူမ၏ချစ်သူက ကယားပြည်သို့ပြန်သွားပြီးသည့်နောက်မှာ အဆက်အသွယ်မလုပ်၊ ဖုန်းမဆက်ပဲနေပါသတဲ့။ မျက်ရည်ဝဲဝဲနှင့် လွန်လေပြီးသော အချစ်ပုံပြင်ကလေးကို ပြောပြရာ ကျွန်တော့မှာ နေပူထဲ ကိုယ့်ဖာသာစမိသည့် စကားအတွက် နာရီနှင့်ချီကာ သည်းခံ နားထောင်ရလေတော့သည်။ ဆရာမကလေးကတော့ မေးသူမရှိ၍ ပကတိငြိမ်သက်ဟန်ရှိသော်လည်း၊ အမေးလည်းရှိရော။ ခံစားရသမျှကို တဘူးလှဆည်ရေလွှတ်သလို သွန်ချလိုက်ပါ၏။ သူမကို ထားရစ်၍ ကယားတောင်တန်းများတွင် အမှုတော်ဆောင်နေသော ချစ်ဦးသူကိုပင် ခွင့်လွှတ်စကားပြောနေပါသေးသည်။

မကြင်နာတမင်စိမ်းသော်လည်း ဆရာမက မယိမ်းမယိုင်၊ သံယောဇဉ် ခိုင်မာနေဆဲရှိပါ၏။ ချစ်သူကိုနှစ်နှင့်ချီကာ မေ့မေ့လျော့လျော့၊ ပေါ့ပေါ့တန်တန်ထားရစ်သော တောင်ပေါ်သားကလေးကို ကျွန်တော်ဖြင့် နားမလည်နိုင်ပါ။ သို့သော်လည်း တစ်ဖက်က မေတ္တာရှင်ကဖြင့် မျှော်လင့်နေဆဲရှိပါသည်။ တစ်နေ့နေ့တွင် ပြန်၍ တွေ့နိုင်ဖို့ဆုတောင်းနေဆဲဖြစ်သော. . . သူမကို ငေးကြည့်ရင်း နေပူကြီးထဲမှာ လွမ်းနေသူကို အံ့ဩမိပါ၏။ တကယ်တော့. . . တော်သော၊ တတ်သော၊ လှသော၊ ချောသောဆရာမကလေးနားမှာ အခြားသော အမျိုးသားအများက ကြင်နာခြင်းတွေပေးချင်နေတာမှ တစ်ပုံတစ်ပင်ပါ။ သို့သော်. . . အဝေးမှချစ်သူကို သစ္စာတည်သောအကြောင်းကို ထောက်၍ သူမ၏ချစ်ခြင်းမေတ္တာကို သိရပါသည်။

ကျမ်းစာ၌. . . သခင်ယေရှုသည် ကျွန်တော်တို့အဖို့ အသက်တော်ကိုစွန့်တော်မူသည်ကို ထောက်၍ သူ၏ မေတ္တာတော်ကို သိခွင့်ရပါသည်. . . ဟု တမန်တော်ကြီး ရှင်ယောဟန်က သွန်သင်ပါ၏။ ဘုရားသခင်သည် မေတ္တာရှင်ဖြစ်၍ မေတ္တာဖြင့်ဖုံးအုပ်ကာ ကျွန်တော်တို့၏ အပြစ်ကြွေးကို သားတော်သခင်ယေရှု၏ သွေးဖြင့် ပေးဆပ်စေခဲ့ပါသည်။ တစ်ပါးတည်းသော သားတော်၏ သွေးဖြင့် ပေးဆပ်ခွင့်ပြုသည့်တိုင် ကြီးမားသော ဂရုဏာဖြင့် ကျွန်တော်တို့၏ ဝိညာဉ်ရေးကို အလေးထားသည်ကို ထောက်၍. . . သခင်ဘုရား၏ မေတ္တာတော်ကို သံသယဖြစ်ဖွယ် မတွေ့ရတော့ပါ။ စုံလင်မေတ္တာရှင်၏ခြေရင်းသို့ တိုးဝင်၍ ခိုလှုံဖို့ရန်သာ ရှိပါသည်. . . မိတ်ဆွေ။



## ဇွန်လ (၄) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္ဂနွေနေ့)

ပရွက်ဆိတ်သည် ဆရာမရှိ။ ပဲ့ပြင်သောသူမရှိ။ မင်းမရှိပဲလျက်၊ နွေကာလနှင့် စပါးရိတ်ရာကာလ၌ မိမိစားစရာအစာကို ရှာဖွေသိုထားတတ်၏။ (သုတ္တံကျမ်း၊ ၆း၆)

# "ဘုတစ်ရာ…"

'ဘုတစ်ရာ'ရွာကလေးသည် အိမ်ခြေခြောက်ဆယ်မျှသာရှိသော အလယ်ရိုးမတောင်ခြေမှ ရွာကလေးဖြစ်ပါသည်။ တစ်ရွာလုံး ခရစ်ယာန်ဘာသာဝင်ဖြစ်၍ ရွာလယ်မှ ဗိမာန်တော်ရှိပါသည်။ ရှေးရှေးတုံးက ဘုတစ်ရာရှိသော သစ်ပင်ကြီးကို အစွဲပြု၍ ရွာနာမည်ကို မှည့်ခေါ်ထားသည်ဟုဆိုပါ၏။ ဆရာမရှုသ၏ အိမ်မှာ တည်းခိုရသောအခါ တစ်ဖက်မျှရှိသော ကျွန်းလုံးအိမ်တိုင်များနှင့် ခိုင်ခန့်ကြီးမားသော ရှေးအိမ်ဟောင်း ဖြစ်နေပါသည်။ မြင်ရခဲ့သော အိမ်တိုင်နှင့် ကြမ်းခင်းကားဖိမ် ရှိလှပါ၏။ သို့သော် ဧပြီနွေလ၏ အပူချိန်ကမြင့်လွန်းသဖြင့် မည်သူမျှ အိမ်ပေါ်မှာမနေ။ အိမ်အောက်မှာသာ၊ ကွပ်ပြစ်များချလျက် အိပ်ရပါသည်။ ဘုတစ်ရာမှ ထူးခြားသောအရာကား ပရွက်ဆိတ်များပေါများခြင်း ဖြစ်ပါသည်။ နေ့လည်နေ့ခင်း၊ ပျင်း၍ကျောမခင်းနှင့်။ ဆစ်ကနဲကိုက်လိုက်မည်။ အကောင်သေးသော်လည်း နာကျင်၍ အဖုတစ်ဖုဖြစ်သွားစေနိုင်သော အာဂပုရွက်ဆိတ်များ ဖြစ်ပါသည်။ နေ့ခင်းတွင်နေရာအနှံ့၊ ကြမ်းအနှံ့ရှိနေကာ ထိုင်နေလျှင် ဒုက္ခမပေး။ လဲလျောင်းလိုက်သည်နှင့် ဆစ်ကနဲ ဆစ်ကနဲ ကိုက်ရာ ပထမနေ့မှပင် ကျွန်တော့်မှာ (၁၇)ဖု ထွက်သွားပါ၏။ သို့သော်လည်း. . . ညရောက်သည်နှင့် သူတို့မရှိတော့ပါ။ ကောင်းစွာအိပ်ရပါသည်။ ကျမ်းစာသင်တန်းကာလတစ်လျောက်. . . ကျွန်တော်ငှက်ဖျားတက်သော်လည်း ငုတ်တုတ်ပဲထိုင်ရပါသည်။ လှဲတာနှင့် ဆစ်ကနဲ. . . ဆစ်ကနဲကိုက်ရာ၊ ပြန်လာသောနေ့တွင် ဇနီးသည်က ရေတွက်ကြည့်ရာ ဘု (၈၀)နီးပါး ရပါ၏။ ဘုတစ်ရာရွာသားများ ချမ်းသာမှာပေါ့။ နေ့ခင်းမှာ အိပ်မရ၍ အလုပ်လုပ်ကြပါသည်။

အအိပ်အနေများသော ကျွန်တော့်အတွက် သင်ရန်စာ ဖြစ်ပါသည်။ သုတ္တံ ဆရာက. . အို၊ လူပျင်း၊ သင်သည် အဘယ်မျှ ကာလပတ်လုံး အိပ်လျက် နေလိမ့်မည်နည်း။ အဘယ်သောအခါ နိုးလိမ့်မည်နည်း။ ခဏအိပ်လျက်၊ ခဏပျော်လျက်၊ အိပ်ပျော်အံ့သောငှါ ခဏလက်ချင်းပိုက်လျက်နေစဉ်တွင်. . . ဆင်းရဲခြင်းသည် ခရီးသွားသော သူကဲ့သို့လည်းကောင်း၊ ဥစ္စာပြုန်းတီးခြင်းကဲ့သို့လည်းကောင်း ရောက်လာလိမ့်မည်. . ဟု သွန်သင်ခဲ့ပါသည်။

ထာဝရဘုရားသည် ပရွက်ဆိတ်များကို ဘာကြောင့်ဖန်ဆင်းထားပါသလဲ။ အလကားအသုံးမကျတဲ့အကောင်ဟု အောက်မေ့သော်လည်း စင်စစ်လောကအလုပ်မှာ အောင်မြင်၍ ကြွယ်ဝခြင်းကို ရဖို့ရန် 'မြင်ဆရာတစ်ပါးကို ထားပေးတာပဲ ဖြစ်ပါသည်။ အချင်းလူပျင်း၊ ပရွက်ဆိတ်ထံသို့သွား၍ သူ၏အပြုအမူကိုဆင်ခြင်သဖြင့် ပညာရှိစေလော့. . . ဟု ကျမ်းစာလာပါသည်။ လောကမှာ အောင်မြင်ဖို့ရန် ပျင်းရိသောအလေ့အထကို ပယ်ဖြတ်ကြရပါလိမ့်မည်။

**ဇွန်လ (၅) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္လာနေ့)**

ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းအလို့ငှါ ပညာကိုပေးနိုင်သော ဓမ္မကျမ်းစာကို ငယ်သောအရွယ်မှစ၍. . . နှလုံးသွင်းမိသော အယူဝါဒ၌ တည်နေလော့။ (၂ တိ၊ ၃း၁၅)

## “ပညာကိုပေးနိုင်သော...”

ယနေ့ခေတ်ကာလကို နည်းပညာခေတ်ဟုပြောဆိုကြပါသည်။ အရာရာတွင် နည်းပညာသည် အရေးပါလျက် နယ်ပယ်အသီးသီးတွင် နည်းပညာအားဖြင့် စွမ်းဆောင်ရည်များ တိုးတက်လျက် ရှိပါသည်။ နည်းပညာသည်သာ အဓိကဖြစ်လာရာ ကျွန်တော်တို့၏ သားသမီးများသည် စာသင်ခန်းနှင့် ကွန်ပျူတာရှေ့မှာ နာရီပေါင်းများစွာ အချိန်ပေးရပါသည်။ ဥပုဒ်နေ့ရောက်သည့်တိုင် ငယ်ရွယ်သောသူအများသည်. . . ဗိမာန်တော်ကို လာဖို့ရန် အချိန်လုနေရသဖြင့် ကြာလာသောအခါ ကျွန်တော်တို့ အသင်းတော်မှာ သက်ကြီးရွယ်အို အသင်းတော်ဖြစ်မှန်း မသိ ဖြစ်လာရပါ၏။

အင်္ဂလန်ကျွန်းကို အုပ်စိုးသော ဧကရာဇ်မင်းများတွင် ယောက်ျားဘသားမဟုတ်သော မိန်းကလေးဖြစ်သည့် ဝိတိုရိယမင်းသမီးကလေးသည် နန်းလျာမင်းသားမရှိသဖြင့် ထီးနန်းပလ္လင်ပေါ်တက်ခွင့်ရခဲ့ပါသည်။ ဘုရင်မတစ်ပါးဖြစ်လာမည့် ဝိတိုရိယ (Victoria) ကို တိုင်းသူပြည်သားများက ဆုတောင်း ပေးကြ၊ မေတ္တာပို့သကြပါသည်။ နန်းတက်ပွဲကို ခမ်းခမ်းနားနားကျင်းပပြုလုပ်ခဲ့ပြီး ထိုနန်းတက်ပွဲတွင် လက်ဆောင်ပဏ္ဏာအမျိုးမျိုးကို ပေးပို့ဆက်သကြပါ၏။ တစ်ခြားသောတိုင်းပြည်များမှ ပြည်တွင်းမှ. . စသည့်ဖြင့် ပေးပို့ဆက်သသော လက်ဆောင်ပဏ္ဏာများအထဲမှ သူမအနှစ်သက်ဆုံး လက်ဆောင်နှစ်ခုကို ရွေးယူကာ အမြတ်တနိုးလက်ခံတန်းဖိုးထား၍ သုံးစွဲခဲ့ပါသတဲ့။ ထိုနှစ်ခုသောပစ္စည်းများမှာ. . ပထမမှာ ကျမ်းစာအုပ်တစ်အုပ်ဖြစ်ပြီး၊ ဒုတိယမှာ. စန္ဒယား (Piano)တစ်လုံးသာဖြစ်ပါ၏။ ဘုရင်မကြီးသည် ထိုအရာနှစ်ခုကို နေ့စဉ်သုံးစွဲ၍ သူမ၏နန်းသက်၊ နှစ်ပေါင်း (၆၀) တိုင်အောင်. . အင်္ဂလန်ကျွန်းနှင့်တကွ ယူနီယံဂျက်အလံ လွှမ်းမိုးရာ နေမဝင်အင်ပါယာကြီးကို အုပ်ချုပ်စီမံကွပ်ကဲနိုင်ခဲ့ကြောင်း သက်သေခံခဲ့ပါသည်။ မည်သည့်အခြေအနေ၊ အနေအထား၌မဆို ကျမ်းစာတစ်အုပ်နှင့် စန္ဒယားတစ်လုံးသည် ခွန်အားသစ်ကို အစဉ်သဖြင့် ပေးနိုင်သည်ဖြစ်၍ အသက်တစ်ရာတစ်လျောက်လုံးမှာ အားငယ်သည်၊ စိတ်ပျက်သည်ဟု မခံစားရဟု ဝန်ခံခဲ့ပါ သည်။ တစ်နေ့သ၌. . . မှူးကြီးမတ်ရာအချို့က. . . ဘုရင်မကြီးမှာ ဥပဒေပြုငါန်းချက်တွေ မရှိပဲနဲ့၊ ဘယ်လိုများ တိုင်းနိုင်ငံတွေကို အုပ်ချုပ်ပါသလဲဟု မေးဖူးပါသတဲ့။ ထိုအခါ သူမက. . လက်စွဲတော်ကျမ်းစာအုပ်ကို မြှောက်ပြ၍. . . “ဒီထဲက ဥပဒေအတိုင်း အုပ်ချုပ်ပါတယ်. . . ”ဟု ဖြေလေ၏။

သမ္မာကျမ်းစာသည် နေမဝင်အင်ပါရာကိုပင် အုပ်ချုပ်နိုင်သေးလျှင် ကျွန်တော်တို့တစ်ယောက်စီအတွက် အားကိုးအားထား မဖြစ်စရာအကြောင်းမရှိသည်ကို သားငယ်သမီးငယ်များ သိစေချင်ပါသည်။ ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းအလို့ငှါ ဉာဏ်ပညာကို ပေးနိုင်သောသမ္မာကျမ်းစာကိုလည်း၊ မမေ့မလျော့ဖတ်ရှုဆင်ခြင်၍ သွန်သင်ချက်အတိုင်း လိုက်လျှောက်ဖို့ရန်ကို တိုက်တွန်းလိုပါ၏။ ဝိတိုရိယဘုရင်မ နည်းတူ အသက်တာ၌ စိတ်ပျက်စရာ ကင်းဝေးပါလိမ့်မည်။



**ဇွန်လ (၆) ရက်၊ ၂၀၀၆ ခုနှစ် (အင်္ဂါနေ့)**

ငါအမှန်ဆိုသည်ကား၊ သင်တို့သည် မုန်ညင်းစေ့ခန့်မျှလောက်သာ ယုံကြည်ခြင်းရှိလျှင် ထိုတောင်ကိုနေရာမှ ရွှေ့လော့. . . ဟုဆိုကြသော်၊ နေရာမှ ရွှေ့လိမ့်မည်။ (ရှင်မဿဲခရစ်ဝင်၊ ၁၇း၂၀)

## “ယုံကြည်ခြင်းဖြင့်...”

သီလရှင်ကြီးမာသာတရီဇာ၏ စကားတစ်ခွန်းဖြင့် အစပြုပါရစေ။ ‘တစ်နေ့တာကို ဆုတောင်းခြင်းဖြင့် စတင်ပါ။ တစ်နေ့တာကို ဆုတောင်းခြင်းဖြင့် အဆုံးသတ်ပါ။ ဘုရားသခင်ထံသို့ ကလေးငယ်တစ်ယောက်ကဲ့သို့ ချဉ်းကပ်ပါ. . . ’ဟူ၍ ဖြစ်ပါသည်။

ရပ်ဖ်အမည်ရှိ ဘုန်းတော်ကြီးတစ်ပါးက သက်သေခံသောအရာမှာ သူသည် နှစ်ပေါင်းများစွာ ဆုတောင်းခဲ့သော်လည်း ထူးခြားမှုကို မခံစားရပါ။ ဘုန်းတော်ကြီးတစ်ပါးအတွက် တာဝန်တစ်ခုဟု သတ်မှတ်ကာ ဆုတောင်းပါသည်။ မာသာထရီဇာနှင့် တွေ့ဆုံ၍ သူမ၏ စကားကိုကြားသောအခါ. . . ကလေးငယ်ကဲ့သို့ချဉ်းကပ်ရန် သူနားလည်သွားပါသတဲ့။ ထို့နောက်တွင် တကယ်ပဲ၊ မာသာထရီဇာ၏ အကြံပေးချက်ကို လိုက်နာသောအခါ ပြောင်းလဲမှု၊ ထူးခြားမှုကို ခံစားရပါသည်. . ဟု သက်သေခံခဲ့ပါသည်။ သူတော်စင်တစ်ပါးဟု သတ်မှတ်ခံရသူ အစီစီမြို့မှ စိန်ဖရန်စစ်က သူ၏ တပည့်သာဝကများအား. . .

“ဘုရားရှင်၏ ဘုန်းတော်ကို ချီးမွမ်းသော နှုတ်ခမ်းကို ဟလိုက်ချိန်မှာ. . .

ကိုယ့်နှလုံးသားထဲမှာလည်း ထောပနာပြုသောခံစားချက်ကို ပြည့်စေပါ”

ဟု သွန်သင်ခဲ့ပါသည်။ နှုတ်ဖျားကလေးနှင့်ချီးမွမ်းရန် အလွန်လွယ်ကူပါသည်။ ရပ်ဖ်ကမူ ကျွန်တော်စပြီး ဆုတောင်းတဲ့အခါ နှလုံးသားပါလျက် ရေရွတ်ပါသည်။ အဲဒီလို နှလုံးသားပါလျက် ဆုတောင်းတဲ့အခါ ဘုရားသခင်နားညောင်းပါသည်။ အဖြေကိုလည်း ချက်ချင်းရပါတယ်. . ဟု ပြောပါသည်။ ကြိမ်ဖန်များစွာပင် စကားလုံးသက်သက်၊ နှုတ်ခမ်းနှင့် နားအသံကြားရုံသက်သက် ဆုတောင်းချက်များသည် ရှည်လျားသော်လည်း အရာမထင်ခဲ့ပါ။ စိတ်နှလုံးပါလျက် ဘုရားသခင်၏ အလိုတော်ကို ဝန်ခံလျက် ဆုတောင်းသောအခါ အံ့ဩဖွယ်နိမိတ်လက္ခဏာများ ထင်ရှားလာသည်ကို လူတိုင်းကြုံဖူးခွင့်ရှိပါ၏။

ခရစ်ယာန်စာရေးဆရာတစ်ဦး Edward M.Bounds က ရေးသားခဲ့သော အကြောင်းတစ်ခုမှာ လူတစ်ယောက်က တောင်ကိုမရွှေ့နိုင်သော်လည်း ဘုရားသခင်က ရွှေ့နိုင်ပါ၏။ တောင်ကို ဘုရားသခင်ရွှေ့ပေးဖို့က ဆုတောင်းသူ၏ ယုံကြည်ခြင်းက အဓိကဖြစ်ပါသည်ဟူ၍ ဖြစ်ပါ၏။ အကူအညီ၊ ဉာဏ်ပညာ၊ ဘုရားသခင်၏ အလိုတော်၊ သတ္တိနှင့် အောင်မြင်ခြင်းတောင်တန်းများအတွက် နှုတ်ခမ်းနှင့်သာမဟုတ်။ စိတ်နှလုံးသားလျက် ဆုတောင်းမှသာ ယုံကြည်ခြင်း၏ အသီးအပွင့်ကို ရမည်အကြောင်း ဆင်ခြင်ကြပါစို့။

ယခုနေ့ရက်ကာလတို့သည် ဆိုးယုတ်သောကြောင့် ကာလအချိန်ကို ရွေးနှုတ်ကြလော့။ ထို့ကြောင့် သတိမရှိသောသူမဖြစ်၊ သခင်ဘုရား၏ အလိုတော်ကို ပိုင်းခြား၍ သိသောသူ ဖြစ်ကြလော့။ (ဧဖက်သြဝါဒစာ၊ ၅း၁၆)

## “အသက်နှင့်ရင်း၍…”

ယခုနှစ်အတွင်း ပုသိမ်မြို့ မြန်မာအသင်းတော်တွင် ပြုလုပ်သော ယုဒသာန်ကရင်နှစ်ခြင်းလူငယ်များ၏ ကျမ်းစာသင်တန်းမှာ တက်ရောက်သူ (၇၀) ခန့်ရှိပါ၏။ လှပသော၊ နုနယ်သော၊ တက်ကြွသော၊ ပညာတတ်သော၊ ကြွယ်ဝသော လူငယ်ကလေးများကို ဆရာမစလူးအိနှင့်မာမီရှီးတို့က ဦးဆောင်ခေါ်သွားကြပါ၏။ ကားနှစ်စီးနှင့် သက်တောင့်သက်သာ သွားရပါ၏။ ဟင်းကောင်းကျွေးကောင်းစားရပါ၏။ ဆရာများလည်း ကောင်းလှပါ၏။ နာမည်ကျော်သီချင်းရေးဆရာများက ဂီတသင်ခန်းစာသီချင်းသင်ပေးပါသည်။ အစီအစဉ်အလွန်ကောင်းသလို ကုန်ကျစရိတ်ကလည်း သက်သာမည်မဟုတ်ပါ။

အသင်းတော်မှ ငွေကုန်ခံ၊ အပင်ပန်းခံကာ လူငယ်များကို ပြုစုကြပါသည်။ နွေရာသီသင်္ကြန်ကာလမှာ သွားချင်လာချင်သော လူငယ်များကို ဘုရားကျောင်းထဲသို့ ပို့ကာ ဝိညာဉ်ရေးရာကို သင်ပေးနိုင်ဖို့ ဆရာမစလူးအိတို့ အသေအလဲပြင်ဆင်ကြိုးစားခဲ့ရပါသည်။ မိဘများက စိတ်မချသဖြင့် အာမခံပေးရပါ၏။ ကလေးများက မလိုက်ချင်၍ ချောင်းသာအထိ သွားမှာဟူ၍လည်းကောင်း၊ သင်တန်းဆရာထဲမှာ စိုင်းစိုင်းခမ်းလှိုင်နှင့်တူသော ဆရာရွှေရည် ပါမည်ဟူ၍လည်းကောင်း၊ သီချင်းရေးဆရာအဆိုတော် SNO က သီချင်းသင်ပေးမှာ စသည်ဖြင့် မက်လုံးမက်ပြားအမျိုးမျိုး အစားစားပေးရပါ၏။ ငွေရေးကြေးရေးကျန်းမာရေးလုံခြုံရေးမှစ၍ ပြေးလွှားရလွန်းသဖြင့် ဝသောဆရာမစလူးအိမှာ ပိန်ကျလာပါသည်။ ကလေးခုနှစ်ဆယ်ကို သွန်သင်ဆုံးမ ပြောဆိုလမ်းပြ ချော့မော့ရင်း မာမီရှီးသည် သင်တန်းချိန်ကျမှသာ ရှေ့ဆုံးခုံမှာထိုင်၍ မျက်လုံးမှိတ်ကာ အနားယူရပါသည်။ ဆရာများကို စိတ်ချစွာထောက်ခံပေးသဖြင့် ကျေးဇူးတင်ရပါသည်။

သင်တန်းတစ်ခု၊ တစ်ခုဟာ အရမ်းပင်ပန်းတာပဲ။ ဆရာမတို့ အသက်မငယ်တော့ဘူး။ ကျန်းမာရေးလည်း ဂရုစိုက်ဦးဟု ပြောမိရာ သူတို့က. . . ‘ကျွန်မတို့သားသမီးတွေ ဘုရားကိုသိရင် တော်ပါပြီ။ ခုကာလက သွေးဆောင်မှုများတော့ အကြိတ်အနယ်မလုပ်လို့မရတာ။ ပျော့ညံ့နေရင် လက်လွှတ်ရမှာဆိုတော့ အသက်နဲ့ရင်းပြီး လုပ်ရတာပဲ။ မလုပ်ရင် သူတို့တတွေပါသွားမှာပေါ့’ ဟု ဖြေပါ၏။ သားသမီးများကို အခြားသို့ အပါမခံနိုင်သဖြင့် ငွေကုန်ပါစေ လူပင်ပန်းပါစေ။ ပုံးပုံးလဲကျသွားပါစေ။ ဝိညာဉ်ရေးရာင့်ကျက်လာဖို့ ‘အသက်နှင့်ရင်းရသည်’ ဟု ဆရာမစလူးအိက ပြောသလိုပါပဲ၊ ခရစ်ယာန်ဘာသာကို ခရစ်တော်က အသက်နှင့် ရင်းခဲ့ရပါ၏။ ကျွန်တော်တို့သားသမီးများသည် ‘အသက်’ ကို တန်ဖိုးထားလျက် မြဲမြံခိုင်ခန့်သူများဖြစ်စေခြင်းငှာ မိဘများကလည်း ကြီးစွာသော ရင်းနှီးမှုကို ပေးဆပ်နေကြရပါမည်။





မစိုးရိမ်နှင့်။ သင့်ကို ငါရွေးနှုတ်ပြီ။ ငါ့နာမဖြင့် မှည့်ပြီ။ သင့်ကို ငါဆိုင်၏။ သင်သည် ရေကို လျှောက်သွားသောအခါ သင်နှင့်အတူ ငါရှိ၏။

(ဟေရှာယအနာဂတ္တိကျမ်း၊ ၄၃း၂)

## “ငါရွေးနှုတ်ပြီ…”

ယုဒသာန်အသင်းတော် လူငယ်ကျမ်းစာသင်တန်းတွင် မာမီရှီးသည် တက်ကြွစွာဦးဆောင်ခဲ့ပါသည်။ သူမတွင် ချောမောသော သားကလေးရှိရာ အလွန်မြတ်နိုးတန်ဖိုးထား၍ နှမြောလှပါသည်။ ထိုသားကို အစအပြုမခံချင်ပါ။ မိန်းကလေးများက သူ့သားအနားသို့ ရောက်လာလျှင် မာမီရှီးမျက်နှာတင်းလာသဖြင့် တော်ရုံတန်ရုံဖြင့် မစမနောက်ဝံ့ကြပါ။ သို့သော် တစ်နေ့တွင် မာမီရှီးသည် ရေချိုးကန်၌ မျက်မှန်ကို ချွတ်ပြီးရေးချိုးပါ၏။ ထို့နောက်တွင် မျက်မှန်ကို မေ့ခဲ့ရာ တစ်ယောက်ယောက်က အလစ်သုတ်သွားပါသည်။ မာမီရှီးသည် အကြိမ်ကြိမ်ပြန်၍ ရှာသော်လည်းမတွေ့။ စုံစမ်း၍လည်းမရသဖြင့် တစ်ရပ်တစ်ရွာမှာ စမ်းတဝါးဝါးနှင့် နေခဲ့ရပါသည်။ သင်တန်းကာလအတွင်းမှာဖြစ်၍ ရေးစရာ၊ မှတ်စရာများကို မဖတ်နိုင်၊ မမှတ်နိုင်ဖြစ်ရသဖြင့် အတော်ပင် စိတ်ညစ်နေရရှာပါသည်။

ညအစီအစဉ်တွင် ကြေငြာချက်တစ်ခုထွက် လာပါသည်။ မာမီရှီးမျက်မှန်ကို ပြန်ရချင်ရင် မာမီ့သားကို ကျွန်မနဲ့သဘောတူရမယ်ဟု ပြန်ပေးသဘောမျိုး သတင်းစာကြေငြာချက်ဖြစ်ပါ၏။ လူငယ်တွေ သဘောကျ၍ ရယ်မောနေပါသည်။ မျက်မှန်တွေ့သူ မိန်းကလေးက အမည်ကိုမဖော်ပြပါ။ ကြေငြာသူက ထပ်ကာထပ်ကာ ကြေငြာသည်၌ မာမီရှီးသည် စိတ်ညစ်ညစ်နှင့် မျက်နှာကို ပြုံးဟန်ပြုသော်လည်း မဲ့တဲ့တဲ့ဖြစ်နေကာ သဘောတူပါတယ်ကွယ်ဟု အောင့်သက်သက်ဖြေခဲ့ရပါ၏။ ထို့နောက်တွင်တော့ သူမ၏ မျက်မှန်ပြန်ရပါသည်။

ဘုရားသခင်သည် သူ၏ တစ်ပါးတည်းသော သားကို သူ ဖန်ဆင်းသောလူသားများအတွက် ကိုယ်စားဝင်ခံ၊ အပြစ်ဒဏ်ကို ပေးဆပ်ဖို့ရန် ချက်ချင်းဆုံးဖြတ်ခဲ့သည်မဟုတ်ပါ။ နည်းလမ်းအမျိုးမျိုးကို သုံး၍၊ အသက်လွတ်ဖို့ရန် စီမံခဲ့သော်လည်း ကျွန်တော်တို့က မလိုက်နာခဲ့ပါ။ လမ်းအမှားသို့ သွားမြဲသွားဆဲရှိကာ နောင်တမရနိုင်ခဲ့ပါ။ တစ်ကြိမ်ပြီးတစ်ကြိမ် နည်းလမ်းများအသုံးပြုခဲ့သည့်နောက် နောက်ဆုံးတွင်သာ တော်သခင်ယေရှု၏ အသွေးတစ်ခုတည်းသာ ရွေးနှုတ်စရာရှိသည်ကို အသုံးမပြုဘဲ မရတော့သဖြင့် ကျွန်တော်တို့အားလုံးအတွက် ကားတိုင်မှ သွေးတော်ကို သွန်းလောင်းခဲ့ရပါ၏။ ပြစ်မှောင်မိုက်ဆင်းရဲမှ လွတ်ဖို့ရန်ကြိုးစား၍မရနိုင်။ သခင်ဘုရားကို ကိုးစားခြင်းမှတစ်ပါး အခြားသော နည်းလမ်းမရှိပါ။ အဖိုးကြီးလှသော ကိုယ်တော်၏သွေးသွန်းသဖြင့် ကျွန်တော်တို့ကယ်နှုတ်ခြင်း၊ ရွေးခြင်းကို ခံခဲ့ရသည်ကို အောက်မေ့ကြပါစို့။

ကယ်တင်ရာနေ့ရက်ကာလ၌ ငါမစပြီဟု လာသည်နှင့်အညီ. . . ယခုပင် နှစ်သက်ဖွယ်သော အချိန်ရှိ၏။ ယခုပင် ကယ်တင်ရာနေ့ရက်ကာလရှိ၏။

(ကောရိန္သုသြဝါဒစာ ဒုတိယစောင်၊ ၆း၂)

## "နှစ်သက်ဖွယ်သော အချိန်..."

အလွန်နာမည်ကြီးသော ဂီတပညာရှင်ဗေသိုဗင် (Beethoven; 1770-1827) ၏ အသက်တာ၌ အရေးကြီးသော နေ့စွဲတစ်ခုရှိပါ၏။ မတ်လ (၂၆) ရက်နေ့ဖြစ်ပါသည်။ အသက် (၈) နှစ်အရွယ်၊ မတ်လ (၂၆) ရက်နေ့၌ ဘဝ၌ပထမဆုံးသော အောင်မြင်မှု စာမျက်နှာကို သူ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ စန္ဒယားဆရာကလေးအဖြစ် စင်မြင့်ထက်တွင် ပထမဆုံးသူ၏ ဂီတအနုပညာကို တင်ဆက်ခွင့်ရတာ၊ အရွယ်နှင့်မလိုက်အောင် တော်လွန်း၊ တတ်လွန်းသော ဂီတပါရမီရှင်အဖြစ် ပရိသတ်တို့၏ လက်ခုတ်သြဘာကို ရယူနိုင်ခဲ့ပါသည်။ နောက်နှစ်ပေါင်း (၄၉) နှစ် ကြာသောအခါ မတ်လ (၂၆) ရက်နေ့၌ပင် သူသည် လောကထဲမှ ပြန်လည်ထွက်ခွာသွားပါ၏။ သူ သေဆုံးကြောင်း သိရသောအခါ ဂီတအနုပညာများစွာကို ချန်ထားရစ်သောသူကို ဂုဏ်ပြုနှုတ်ဆက်သော လက်ခုတ်သြဘာများကို ကြေကွဲစွာပေးခဲ့ကြပါ၏။

ဗေသိုဗင်၏ အသက်တာ၌ သူငယ်ချင်းများ ချစ်သူများ၏ စွန့်ပစ်ခြင်းကို အကြိမ်ကြိမ် ခံခဲ့ရပါ၏။ နားမလည်နိုင်ခြင်း၊ အထီးကျန်ဆန်ခြင်းတို့ဖြင့် တစ်ကိုယ်တည်းတည်းလောကကြီးမှာ နေထိုင်ခဲ့ရပါ၏။ သူ၏ ဂီတပါရမီနှင့် အနုပညာကို ချစ်ခင်နှစ်သက်သော အမျိုးသမီးများစွာကို ချစ်ခွင့်ပန်ခဲ့ဖူးသော်လည်း ခန္ဓာအားနည်းသော ဒုက္ခိတဗေသိုဗင်ကို မည်သူမျှ ခင်ပွန်းသည်အဖြစ် မရွေးချယ်ခဲ့ပါ။ သူ သေဆုံးခါနီးသောအခါ ပွဲတော်မင်္ဂလာကို လက်ခံယူခဲ့ပါ၏။ တေးပြုစာဆိုတစ်ဦးဖြစ်သော ဟန်တာဘာနာက သူငယ်ချင်းကို ငေးကြည့်နေပါ၏။ ဗေသိုဗင်သည် နောက်ဆုံးအားဖြင့် လက်ကိုအသာအယာမြှောက်သည်။ မျက်လုံးကို ဖွင့်၍ အားယူပြီး. . . 'ဆိုးသွမ်းတဲ့ဝိညာဉ်များ၊ သင်တို့ကို ငါ အနိုင်ရပြီ။ ငါ့ရဲအဝေးကိုသွားကြ၊ ဘုရားသခင် ငါနဲ့အတူရှိပြီ. . .' ဟု ရေရွတ်ပြီးမှ အသက်ကုန်လေ၏။ ခါးသီးသော အထီးကျန်ဘဝတစ်ခုကို နှုတ်ဆက်သွားသည့် ဗေသိုဗင်၏ နှုတ်ခမ်းမှာအပြုံးယဲ့ယဲ့တင်ကျန်နေခဲ့ပါသတဲ့။

ဗေသိုဗင်အတွက် မတ်လ (၂၆) သည် နှစ်သက်ဖွယ်အချိန်ဖြစ်ခဲ့သလို ကယ်တင်ရာနေ့ရက်လည်း ဖြစ်ခဲ့ပါ၏။ အောင်မြင်ကျော်ကြားသူဖြစ်သော်လည်း တစ်ချိန်တည်းမှာ မပျော်ရွှင်နိုင်သော အထီးကျန်ဘဝတစ်ခုကို ဗေသိုဗင်သည် ဘုရားသခင်၏ ခွန်အားနှင့် ဖြတ်သန်းနိုင်ခဲ့ပါ၏။ ဒင်္ဂါးတစ်ခု၏ မျက်နှာတစ်ဖက်သည် ပန်းဖြစ်၍ တစ်ချိန်တည်းမှာ ခေါင်းလည်းဖြစ်နေပါသည်။ ကျွန်တော်တို့ဘဝမှာ နှစ်သက်စရာအချိန်သည် လုံးဝစင်းလုံးချောသော အခါသမယမဟုတ်။ ယခုပင်ဘုရားသခင်၏ ခွန်အားဖြင့် ဖြတ်သန်းစရာ အချိန်တစ်ခုဖြစ်ကြောင်းကို နားလည်ခွင့်ရပါ၏။





လူပျိုသည် မိမိသွားသောလမ်းကို အဘယ်သို့ သန့်ရှင်းစေနိုင်ပါမည်နည်းဟူမူကား၊ နှုတ်ကပတ်တော်အတိုင်း သတိပြုရမည်။ (ဆာလံကျမ်း၊ ၁၁၉း၉)

## "နှုတ်ကပတ်တော်အတိုင်း..."

'လယ်ထွန်သွား နွားမေ့' ဆိုသော စကားပုံကို ပြောပြသောအခါ ကလေးများကရယ်၍ ဖေဖေ့စကားပုံက ဒိတ်အောက်နေပြီ။ ခုခေတ်မှာ လယ်ထွန်သွားရင်း နွားမေ့ရင်လည်း ပြဿနာမရှိတော့ဘူး။ လယ်ထွန်စက်ကိုသာ မောင်းသွား။ ရတာပဲ. . . ဟု ပြောသောအခါ ကျွန်တော့်မှာ မအီမသာဖြစ်ရပါသည်။ ကျမ်းစာသင်တန်းအတွက် ချောင်းသာကို သွားမည်ဟုဆိုတော့ နံနက်မိုးမလင်းခင်မှာပဲ လူစုံလေ၏။ မင်းသုခထွန်းက အိမ်ဝေးသဖြင့် ညကတည်းကလာနှင့် လေသည်။ ကျွန်တော့်ဇနီးက သူ့ကို ချီးမွမ်းလေ၏။ တကယ် ဝီရိယရှိတဲ့ လူငယ်ပဲ. . . ဟု ဝေဖန်ပါသည်။ ချောင်းသာကမ်းခြေရောက်၍ သင်တန်းစသည်နှင့် ကျမ်းစာအုပ်ဖွင့်ကြ။ မာလခိအနာဂတ္တိကျမ်းကို လှန်ထား. . . ဆိုသည်နှင့် ကလေးများက စီစီညံညံဖြစ်လေ၏။ အချို့ကမမွှသစ်ကျမ်းပဲပါလာပါ၏။ အင်ကြင်းခိုင်ဆိုသော မိန်းကလေးက သတင်းစာစက္ကူနှင့် အထပ်ထပ်ထုတ်ထားသော ကျမ်းစာအုပ်ကိုဖြေရာ. . . အံ့သြစရာပါပဲ။ အထဲတွင်အဖုံးမရှိ။ ဗျာဒိတ်ကျမ်းလေးရွက်နှင့် ကမ္ဘာဦးကျမ်းငါးရွက်မပါသော ငုံးတိတိကျမ်းစာအုပ်ကို မြင်ရပါသည်။ အဖုံးမရှိသဖြင့် ကိုင်လိုက်တိုင်းလည်လည်နေရာ မာလခိကို တွေ့ဖို့ တော်တော်ကြိုးစားရပါသည်။

ကဲ. . . သုခရေ။ ဘာလုပ်နေသလဲ. . . ကျမ်းစာအုပ်ထုတ်လေ. . . ဟု ဆိုတော့ သူက မျက်နှာကလေးညှိုးညှိုးဖြင့် မပါဘူးဆရာ။ မေ့သွားလို့ဟု ဖြေပါသည်။ ကျမ်းစာသင်တန်းလာတာကျမ်းစာမပါဘူးဆိုတော့ ဘာများပါသလဲဟု မေးလျှင် သူ့ခမျာခရီးဝေးသွားရမည်ဆိုတော့ လိုအပ်တာတွေ မမေ့ရအောင် ထည့်သွင်းပြင်ဆင်ရင်း ကျမ်းစာအုပ်ကိုတော့ အနားကပ်မှ မေ့ကလည်းမေ့၊ အိပ်ကလည်းမဆန့်တော့တာနဲ့ ကျန်ခဲ့တာပါဟု ပြောပြရာ အားလုံးက ရယ်မောကြပါ၏။ လယ်ထွန်သွားတာ နွားမေ့လို့ရချင်ရလိမ့်မယ်။ ခေတ်ကာလက တိုးတက်နေတာကိုး။ ကျမ်းစာသင်တန်းသွားသောအခါ ကျမ်းစာမေ့လို့တော့ ဘယ်ဖြစ်မလဲဟု ပြောသောအခါ သူက ချက်ချင်းပင် ချောင်းသာကမ်းခြေမှ ထားဆိုသော မိန်းကလေးထံမှ အရငှားယူခဲ့ပါ၏။ ငှား၍ရသော နေရာဖြစ်၍ တော်ပါသေးသည်။

အသက်တာခရီးမှာ အရေးကြီးသောအရာတွေများလှပါသည်။ သင်ယူစရာများ စုဆောင်းစရာများ၊ ဆည်းပူးစရာများလွန်းသောကြောင့် အချိန်ဇယားမှာ ဘုရားသခင်မဆန့်တော့ပါ။ ဘုရားသခင်က ခွင့်လွှတ်သော်လည်း ကျွန်တော်တို့အတွက် အားနည်းချက်ဖြစ်စေပါ၏။ နေ့စဉ်နှင့်အမျှ သင်ယူစရာများသော ဘဝသင်ခန်းစာမှာ ဘုရားသခင်မပါမဖြစ်၊ ပါရှိဖို့တော့ လိုအပ်နေပါသည်။

ဇွန်လ (၁၁) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္ဂနွေနေ့)

ဖွားမြင်သော သားသမီးတို့သည် ထာဝရဘုရားဆုချ၍ ပေးသနားတော်မူသော အမွေဥစ္စာဖြစ်ကြ၏။ (ဆာလံကျမ်း၊ ၁၂၇း၃)

## "အမွေဥစ္စာ..."

ခရစ်ယာန်တို့၏ ပြက္ခဒိန်မှာတော့ ယနေ့သည် 'ကလေးများနေ့' ဖြစ်ပါသည်။ စင်စစ်. . ရင်သွေးငယ်များကို ရသောအခါ မိဘတို့သည် ပျော်ရွှင်ကြည်နူး၍ သူတို့၏ ဘအတွက် စီမံကိန်းများ ချပေးကြပါသည်။ အဝတ်၊ အစား၊ ပညာရေးမှစ၍ ပြည့်စုံအောင် ဆောင်ရွက်ပေးရင်း ကြီးပြင်းလာသည်ကို ငေးကြည့်ကြပါသည်။ သို့သော်. . . အချိန်တန်သောအခါ ကလေးတစ်ယောက်သည် လူလားမြောက်၍ ကိုယ့်ဖာသာ ရပ်တည်လာပါလိမ့်မည်။ ထိုအခါ ကျွန်တော်တို့ပေးသော အမွေဥစ္စာသည် မည်မျှအဖိုးတန်ပါသနည်း။

သားကလေး ထူးအုပ်စိုး ငယ်စဉ်က အလွန်ကြောက်တတ်ပါ၏။ သူ့မိခင်က သားကြီးလာရင် ဘာလုပ်မလဲ. . . ဟုမေးလျှင် သူကမဆိုင်းမတွပင် မိန်းမယူမယ်ဟု ဖြေပါသည်။ ဘာလို့ယူမှာလဲသားရယ်ဟုမေးလျှင်. . . သူကသားကြောက်တယ်။ အဖေနဲ့ အမေသေသွားရင် ဒီအိမ်ထဲမှာ တစ်ယောက်တည်းမနေရဲဘူး။ ကြောက်လို့ မိန်းမယူမှာဟု ဖြေ၏။ ဘယ်သူ့ကို သားကိုယူမှာလဲဟု မေးပြန်လျှင် သူက သူငယ်ချင်းဖြစ်သော. . . နှင်းပွင့်ဖြူကို ယူမှာ။ သူက သတ္တိရှိတယ်။ သားကိုလည်း ဂရုစိုက်တယ်. . ဟု ဖြေပါ၏။ သူ့အမေ. . က နှင်းပွင့်ဖြူလည်းသေမှာပဲလေ။ အချိန်တန်ရင် အားလုံးကကောင်းကင်ကို ပြန်ရမှာပဲ. . ဟု ပြောသောအခါ ထူးအုပ်စိုး ခမျာ မျက်နှာကလေးငယ်သွား၍ ဒါဆိုရင် သားဘယ်လိုလုပ်ရမလဲ။ သား ကြောက်တယ်. . ဟုပြောပါသည်။ သူ့အမေက. . . ဘာမှကြောက်စရာမရှိဘူး။ သားအနားမှာ ဘုရားသခင်ရှိတယ်. . . ဟုပြောပါသည်။ ဘုရားသခင်နှင့် သားငယ်ကို မိခင်သည် ညစဉ်ညတိုင်းမိတ်ဆက်ပေးခဲ့ပါသည်။

ထူးအုပ်စိုးကျောင်းနေသောအခါ သင်္ချာမှာ အလွန်ညံ့လေ၏။ အိမ်စာများကို ကြည့်ရင်း မကြာခဏငိုလေသည်။ သူငယ်ချင်း နှင်းပွင့်ဖြူက ကူညီသော်လည်း အပြည့်အဝတော့ မရပါ။ အိမ်သို့ရောက်လျှင် မိခင်က စည်းကမ်းကြီးသည့် ဆရာမဖြစ်၍ တွက်မပေးပါ။ လုပ်နည်းလုပ်ဟန်နှင့် အားပေးမှု၊ တိုက်တွန်းမှုကိုသာပေးရာ တစ်နေ့ပြီး တစ်နေ့ သူ့ဖာသာ အိမ်စာလုပ်ရင်း လွန်မြောက်လာခဲ့ပါသည်။ ကျွန်တော်တို့ဘဝမှာ လုပ်ဆောင်စရာ အများရှိပါ၏။ မလုပ်နိုင်ဘူး၊ ငိုကြွေးနေ၍ မရပါ။ မိတ်ဆွေများက လုံးလုံးလျားလျား မမစနိုင်ပါ။ ကိုယ့်ဖာသာဆောင်ရွက်ရပါလိမ့်မည်။ ထိုသို့ဆောင်ရွက်ဖြစ်အောင် ဘုရားသခင်သည် အနားမှာရှိနေကြောင်းကို သိထားရပါမည်။ ဘုရားသခင်သည် အိမ်စာကို လုပ်မပေးသော်လည်း လုပ်နည်းလုပ်ဟန်နှင့် ခွန်အားအစွမ်းသတ္တိနှင့် တိုက်တွန်းမှုကို အစဉ်ပြုပေးနေကြောင်းကို ရင်သွေးငယ်များအား ဝေမျှကြပါစို့။



ဇွန်လ (၁၂) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္လာနေ့)

နောက်ကျသောအရာတို့ကိုမမှတ်ပဲ၊ ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှ ခေါ်တော်မူခြင်းနှင့် စပ်ဆိုင်သောဆုကျေးဇူးရခြင်း ပန်းတိုးတိုင်သို့ ငါလိုက်ပြေး၏။ (ဖိလိပ္ပိ၊ ၃း၁၃)

## "ပန်းတိုးတိုင်သို့ ..."

စာရေးသူတစ်ဦးက. . . ပန်းတိုးတိုင်မရှိသောဘဝသည် တိုးတက်မှုမရှိသကဲ့သို့ အဓိပ္ပါယ်ပြည့်စုံမှုလည်း မရှိပါ. . . ဟုရေးသားခဲ့ပါသည်။ လူတိုင်းအတွက် ပန်းတိုးတိုင်သည် အရေးကြီးပါသည်။ ကျွန်တော်တို့သည် ဘဝ၏ပန်းတိုးတိုင်ကို ချမှတ်၍ သွားနေသောသူများဖြစ်သော်လည်း အချို့သူများ၏ ပန်းတိုးတိုင်ကား ခက်ခဲလှပါသည်။ ရှင်ပေါလုကမူ သူ၏ပန်းတိုးတိုင်သည် ယေရှုခရစ်ဖြစ်သည်ဟု. . . ဖော်ပြခဲ့ပါသည်။

တစ်ခါကအလွန်ခါးကုန်းသော မင်းသားတစ်ပါးရှိလေ၏။ သူသည် အလွန်မာနထောင်လွှားလျက် စိတ္တဇဝေဒနာရှင်တစ်ဦးကဲ့သို့ ဖြစ်နေပါသည်။ တစ်နေ့တွင်မူ အင်မတန်တော်သော လက်ရာပြောင်မြောက်သည့် ပန်းပုဆရာတစ်ယောက်ကိုခေါ်၍ သူ၏ရုပ်ပုံကို ထုလုပ်စေသည်။ သို့သော်ကုန်းသောခါးကို ဖြောင့်အောင်ထုလုပ်ပေးရမည်ဟု အမိန့်ပေးညွှန်ကြားလိုက်ပါသည်။ ထိုရုပ်ပုံကို ထုလုပ်ပြီးစီးသွားသောအခါ ထိုရုပ်တုကို ဘုရင့်နန်းတော်ဥယျာဉ်ထဲတွင် မင်းသားတစ်ပါးတည်းသာ မြင်နိုင်သောနေရာ၌သာ ထားရှိရန် အမိန့်ပေးခဲ့ပါသတဲ့။

မင်းသားသည် နေ့တိုင်းပင် ထိုရုပ်ထုကိုကြည့်ကာ၊ မိမိ၏အသွင်သဏ္ဌာန်ကို ရုပ်ထုနှင့်တူစေရန် လေ့ကျင့်ခဲ့ပါ၏။ တဖြည်းဖြည်းနှင့် ရက်ပေါင်းလပေါင်းများစွာ လွန်မြောက်လာသောအခါ၊ လူအများက. . . မင်းသားလေးရဲ့ ခါးကုန်းမတော့ဘူး. . ဟူ၍လည်းကောင်း၊ မင်းသားလေးက အရင်ကထက်ပိုပြီး ခန့်ညားလာပြီ. . . ဟူ၍လည်းကောင်း ပြောဆိုလာကြပါသတဲ့။ ဤသို့ ပြောဆိုသံကို ကြားရသောအခါ မင်းသားကလေးသည် ဥယျာဉ်ထဲရှိ မိမိရုပ်ထုအနားသို့ သွားကာနှိုင်းယှဉ်ကြည့်လျှင် သူ၏ခါးသည် အတော်ပင်ဖြောင့်သွားလျက် ရုပ်တုတဲကကဲ့သို့ ခန့်ညားနေလေ၏။ သူသည်. . . မိမိရှေ့၌ရှိသော ရုပ်ထုကို ပုံဖော်သောသူဖြစ်လာခဲ့ရုံမက၊ တစ်သက်သာပတ်လုံး 'ခါးကုန်းမင်းသား'ဟု ကဲ့ရဲ့ခံရခြင်းမှ လွတ်မြောက်ရလေ၏။

ကျွန်တော်တို့တစ်ဦးစီ၏ ရှေ့၌ မည်သို့သောပန်းတိုးတိုင် ရှိပါသည်။ ရှင်ပေါလုသည် သူ၏ပန်းတိုးတိုင်ဖြစ်သော ခရစ်တော်ကို စေ့စေ့ကြည့်ကာ အားမလျော့ပဲပြေးသွားခဲ့သောကြောင့် အသက်သရဖူကိုရသည်သာမက သာသနာမာတုရတစ်ပါးဖြစ်ခဲ့ရပါသည်။ ကျွန်တော်တို့၏ ပန်းတိုးတိုင်ကား အဘယ်နည်း။ ပန်းတိုးတိုင်ကို စေ့စေ့ကြည့်လျက် အားမလျော့ပဲ ပြေးသွား ဆုပ်ကိုင်ဖို့ရန် လိုအပ်ပါသည်။ ပန်းတိုးတိုင်သည်သာ ဘဝ တစ်ခု၏ အဓိပ္ပါယ် ဖြစ်ပါသည်။

လူသားသည် သူတစ်ပါးကိုစေစားခြင်းငှါ မလာ။ သူတစ်ပါးအစေကို ခံခြင်းငှါလည်းကောင်း၊ မိမိအသက်ကို စွန့်၍ လူများကိုရွေးခြင်းငှါလည်းကောင်း၊ ကြွလာသတည်း။ (ရှင်မာကုခရစ်ဝင်ကျမ်း၊ ၁၀း၄၅)

## “အစေခံသောအသက်တာ...”

တစ်ခါက ခြေဖျားသေနေသောလူကြီးတစ်ဦးသည် မိမိ၏လက်တွန်းလှည်း၏ ဘီးကို သူဖာသာလှိမ့်၍ လမ်းဘေးပလက်ဖောင်းပေါ်၌ တဖြည်းဖြည်းသွားနေသည်။ ထိုစဉ်. . . မိုးဖွဲကလေးများ ကျလာပြီး မိုးရွာလာသည်။ ခြေလက်သေနေသော သူသည်သူ၏ လက်တွန်းလှည်းဘီးကို ခပ်မြန်မြန်လှိမ့်တွန်းနေသည်။ သို့သော်စိုစွတ်သောလမ်းပေါ်၌ မကြာခဏ ချော်နေသည်။

သူ၏တစ်ကိုယ်လုံးလည်း တဖြည်းဖြည်းစိုရွှဲလာနေသည်။ နံဘေးရှိလမ်းလျှောက်ခရီးသွားနေသူများကလည်း ထိုသူအား ဂရုမစိုက်နိုင်ဘဲ သူတို့မိုးလွတ်ရန်ကိုသာ၊ ခတ်သုတ်သုတ် ဖြတ်ကျော်တက်သွားပါ၏။ ထိုစဉ် လူတစ်ယောက်ရောက်လာပြီး တွန်းလှည်းကိုနောက်မှ တွန်းပေးလိုက်ပါ၏။ ခြေသေသူခမျာ၊ အံ့သြသွားပြီး လှည့်ကြည့်လိုက်ရာ သူလုံးဝမသိသည့်သူဖြစ်နေပါ၏။ ခင်ဗျား၊ ဘယ်ကိုသွားချင်သလဲ. . . ဟု တွန်းနေသောပုဂ္ဂိုလ်ကမေးရာ၊ ခြေသေနေသူက “ဟိုရှေ့က ဘုတာရုံကို ရောက်ရင်တော်ပါပြီဗျာ။ မိုးခိုချင်လို့ပါ. . . ” ဟုဖြေလေသည်။ ထိုသို့ တွန်းလှည်းကို တွန်းပေးနေစဉ်. . . ခြေသေနေသူက. . .

“ခင်ဗျားက အစိုးရအမှုထမ်းလား”. . . ဟုမေးလေသည်။ လူစိမ်းက ဟုတ်ပါတယ်ဟု ဖြေလျှင်. . . ဘယ်မှာအလုပ်လုပ်တာလဲဟု မေးပြန်၏။ လူစိမ်းက. . . ဟိုနားကဟိုက်ကုတ် တရားလွှတ်တော်မှာပါ. . . ဟုဖြေ၏။ အဲဒီမှာ ခင်ဗျားဘာလုပ်သလဲ။ တံမျက်စည်းလှဲသလား။ ရုံးလုလင်လား။ ဒါမှမဟုတ်. . . ဒရဝမ်လားဟု ဆက်တိုက်မေးရာ လူစိမ်းကပြုံး၍ မဟုတ်ပါဘူးဗျာ။ ကျွန်တော်က တရားစီရင်ရသူတစ်ယောက်ပါ. . . ဟုဖြေပါသည်။ ထိုအခါကျမှ လူစိမ်းကို သေသေချာချာမော့ကြည့်၍ အံ့သြစွာဖြင့်. . . “နိုင်ငံတော်ရှေ့နေချုပ်ကြီး ဟယ်ရယ်ဘာတင်. . . မဟုတ်လား”ဟု ရေရွတ်လေ၏။ ရှေ့နေချုပ်ကြီးက. . . ဟုတ်ပါတယ်။ ကျွန်တော်က ခရစ်ယာန်တစ်ယောက်လေ. . . ဟုဖြေသောအခါ၊ ခြေထောက်များသေသောသူသည် ခေါင်းကို ညိတ်၍ ဂုဏ်ပြုခဲ့ပါသတဲ့။

ခရစ်ယာန်အသက်တာ၏ ထူးခြားသောအင်္ဂါတစ်ခုမှာ အစေခံခြင်းဖြစ်ပါသည်။ ယခင်ယေရှုသည် အစေခံဖို့ရန် လောကသို့ကြွလာခဲ့ပါသည်။ သခင်ယေရှုကို ယုံကြည်လက်ခံသော သူအပေါင်းသည်လည်း ခရစ်တော်နည်းတူ အသက်ရှင်နိုင်ဖို့ ကြိုးစားရပါလိမ့်မည်။ အစေခံခွင့်များစွာရှိပါသည်။ အစေခံသောသူနည်းပါးလှပါ၏။ အစေခံခွင့်ကို မိမိရရ ဆုပ်ကိုင်လျက် ခရစ်ယာန်အသက်ရှင်ခြင်းကို တည်ဆောက်ကြပါစို့။



ခရစ်တော်သည်. . . . ကိုယ့်ကို ဆက်ကပ်၍ ယဇ်ပူဇော်လျက်၊ ငါတို့အတွက် စွန့်တော်မူသည်နည်းတူ၊ သင်တို့သည် မေတ္တာတရား၌ ကျင်လည်ကြလော့. . . ။ (ဧဖက်သြဝါဒစာ၊ ၅း၂)

## “မေတ္တာတရား၌...”

ယခုပြောပြမည့် အကြောင်းကတော့ မနေ့ကနှင့် ဆန့်ကျင်ဖက်ဖြစ်ပါသည်။ ကျွန်တော်တို့ ကျမ်းစာသင်တန်းအဖွဲ့ ချောင်းသားသို့ရောက်သောညမှာပင် လေမုန်တိုင်းက အစပျိုးလာပါသည်။ ရခိုင်ကမ်းရိုးတန်းမှာ မိုးဖျောက်ဖျောက်ကျလျက် လေပြင်းများတစ်ချက်တစ်ချက် ဆောင့်သော်လည်း ပထဝီဗဟုသုတနည်းလှသောအဖွဲ့က သဘောမပေါက်ပါ။ ဝမ်းသာအားရနှင့် နေရာချကြ၊ ချက်ပြုတ်၊ စားသောက်ပြီး၊ ရေဆင်းကူးသူက ကူးပါသည်။ မုန်တိုင်းမရောက်မီ ပင်လယ်ပြင်သည် အထူးသဖြင့် အိန္ဒြေရရနှင့် ငြိမ်သက်လှသဖြင့် လှိုင်းလည်းမရှိဘူးဟု ပြောဖြစ်ကြသေးသည်။

ကျမ်းစာသင်၍ ညနက်လျှင် အိပ်ယာဝင်ပါ၏။ သန်းခေါင်ချိန်မှစ၍ လေများတဝုန်းဝုန်းတိုက်လာရာ မိုးလင်းလျှင် မုန်တိုင်းသည် အပြင်းအထန်တိုက်ခတ်ရာ ကျွန်တော်တို့ ဘာလုပ်ရမှန်းမသိတော့ပါ။ တစ်ရွာလုံး ထွက်ပြေးသဖြင့် ဘယ်ပြေးရမှန်းမသိသောအခါ ခြောက်ခြားလာပါ၏။ အိမ်ရှင်က. . . ရေတွေတာလမ်းကိုရောက်လာပြီ။ လှိုင်းတွေ ဘန်ဂလိုတွေကို ကျော်လာပြီ. . . ပြေးကြတော့ဟုဆိုလျှင် အဖွဲ့ကိုအုပ်စည်းမရတော့ပဲ. . ပြေးကြလေ၏။ ဆရာမက ဘော်ထူးက ကျန်းမာရေးဆရာမဖြစ်သည်နှင့်အညီ အရှေ့ဆုံးမှ ထွက်ပြေးရာ လေကအပင့်၊ မြေကအချောတွင် ကွင်းပြင်ထဲမှာ ဗိုင်းကနဲပက်လက်လှန်လဲ့လေ၏။ လိပ်ပက်လက်လှန်သလို ယက်ကန်ယက်ကန်ဖြစ်နေ၍ လက်နှစ်ဖက်ခြေနှစ်ဖက်ထောင်ထားကာ တစ်ယောက်ယောက်ကူညီမလားဟု မျှော်နေသော်လည်း၊ လူငယ်များ လူကြီးများက သတိမထားနိုင်ပဲ. . . အသက်လုပြေးသောအချိန်မှာ သူမကိုဂရုမစိုက်နိုင်တော့ပါ။ ကျော်နင်းဖြတ်သန်းကာ ပြေးသွားကြလေရာ သူမခမျာ ဝမ်းလည်းနည်း၊ ကြောက်လည်းကြောက်နှင့် ကိုယ့်ဖာသာကျုံးရုံး၍ ထကာ သူများနောက်ပြေးလိုက်ခဲ့ရပါ၏။

ကမ္ဘာမီးလောင်သောအခါ သားကောင်ကိုပင် ချနင်းရသည့် သာကေရှိခဲ့ပါ၏။ လူသားတို့၏ စိတ်ဆန္ဒမှာ ဇာထိအားကြီးလှပါသည်။ အရေးအကြောင်းဖြစ်လာသောအခါ သူတစ်ပါးကို လှည့်မကြည့်အား၊ ကိုယ့်အရေးသာပထမ ဖြစ်လေ၏။ ထိုအချိန်မှာ ဒုက္ခရောက်နေသူ၊ လဲနေသူကို ထူမဖို့ရန် အချိန်မပေးနိုင်ပါ။ အတူတကွ ဝေမျှခံစားရမည်ဟူသော မိသားစုအခြေခံစိတ်ကိုပင် မေ့သွားတတ်ပါ၏။ ခရစ်ယာန်တစ်ယောက်သည် သူတစ်ပါးကို ကူညီဖို့ရန်မှာ သာတောင့်သာယာအချိန်၌သာမဟုတ်ပါ။ ဘေးအန္တရာယ်ရှိသောကာလ၊ ကိုယ်တိုင်ဆင်းရဲလျက်ပင် အစေခံလိုသော သဘောထားကိုထားဖို့ရန်လည်း လိုအပ်သေးကြောင်းကို ဆင်ခြင်မိပါ၏။

ဇွန်လ (၁၅)ရက်၊ ၂၀၀၆ ခုနှစ် (ကြာသပတေးနေ့)

ငါ့ကို မစခြင်းအကြောင်းသည်ပေါ်ထွက်ရသော တောင်ရိုးသို့ ငါမျှော်ကြည့်၏။ ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူသော ထာဝရဘုရားထံတော်မှ ငါ့ကိုမစခြင်းအကြောင်းသည် ပေါ်ထွက်ရ၏။ (ဆာလံကျမ်း၊ ၁၂၁း၂-၂)

# "တောင်ရိုးသို့..."

သင်တန်းမစနိုင်သေးခင် မိုးသက်မုန်တိုင်းက ခတ်ရိုင်းရိုင်းဝင်ချလာရာ သာယာသော နံနက်ခင်းသည် ချက်ခြင်းပင်အသွင်ပြောင်းသွားပါ၏။ ငြိမ်သက်ခဲ့သော၊ နူးညံ့ခဲ့သောချောင်း သာကမ်းခြေသည် သမုဒ္ဒရာရေ အလုံးဖြင့် တဝုန်းဝုန်းဖြင့် ရိုက်ပုတ်ခြင်းကိုခံရလျက် ဘန်ဂလိုများ၊ ဟိုတယ်များသည် ပျက်စီးကာ၊ ရေကာတာ၊ အုတ်တံတိုင်းတို့ပြိုလေ၏။ ရေလှိုင်းသည် ကားလမ်းဆီသို့ ရောက်လာခဲ့ပါ၏။ လေပြင်းက ဝုန်းဒိုင်းကြဲတိုက်ခတ်ရာ သစ်ပင်များစွာတို့ တဖြောင်းဖြောင်းကျိုးကျ၍ ရွာထဲမှာ အိမ်တို့လဲလေ၏။ အရာအားလုံးတို့သည် နာရီပိုင်းအတွင်းမှာ ပြိုကျ၍ ဇောက်ထိုးမိုးမျှော်ဖြစ်နေဆဲမှာ သွပ်ပြားတို့သည် လွင့်မျော၍ ဟိုဒီပျံသန်းနေရာ အပြင်ထွက်ရမှာ အန္တရယ်များလှပါ၏။

ပြေးကြပြီ။ လူတွေပြေးကုန်ပြီ. . . ဟု သားကလာပြောပါသည်။ ငါတို့ကော့. . . ဘယ်လိုလုပ်မလဲ. . ဟုဆွေးနွေးနေစဉ် အိမ်ရှင်ဆရာဒိုင်းနေက. . . ပြေးဟေ့ဟု ပြောရင်း သူတို့မိသားစုက အရင်ထွက်ပြေးရာ ကျွန်တော်တို့သင်တန်းသားများနှင့် ဆရာများကလည်း ကျမ်းစာသင်တန်းကို ခေတ္တရပ်နား၍ မာရသွန်ပြေးရန် တာစူလေ၏။ ပြေးတာကဟုတ်ပါပြီ။ ဘယ်ပြေးရမှာတုံးဟု တစ်ယောက်ကမေးလျှင် တောင်ပေါ်ကို ပြေးရမှာ။ နောက်မှာရေလိုက်လာပြီဟု ဖြေလေ၏။ ချောင်းသာရွာ၏ အရှေ့ဖက်မှ ကွင်းပြင်။ ထိုကွင်းပြင်ကို လွန်လျှင် စကားဝါတောင်။ စကားဝါတောင်သည် ပေလေးရာကျော်မြင့်ရာ ထိုတောင်ကိုသာ ခိုလှုံရာအဖြစ် မြင်၍ တစ်ရွာလုံးပြေးသွားကြလေ၏။ မုန်တိုင်းကြားမှာ. . . လဲလဲကွဲကွဲဖြစ်သူ၊ ကန်သင်းနားမှာဝပ်နေသူ၊ လေနောက်ပါသွားသူကြားထဲမှာ သမီးနေခြည်က ကျွန်တော့်ကိုတွဲ၍ ပြေးပါ၏။ လေကို မဆန်နိုင်၍ ဝပ်တွားကာ ပြေးလိုက်၊ ဝပ်လိုက်၊ ထပြေးလိုက်နှင့် လွင်ပြင်ကို ဖြတ်ပြေးရပါ၏။ ရေတွေလိုက်လာပြီမို့ အသက်ရှူချိန်မရ။ ဒလိမ့်ခေါက်ကွေးလဲ၍ ဒူးပြဲလည်းမနားနိုင်။ သူ့သူငါငါ. . . လူသားအားလုံး အသက်လုပြေးကြရင်း နောက်ဆုံးတောင်ပေါ်ကို ရောက်မှ အမောဖြေကြရပါ၏။

မည်သို့ပင်ဖြစ်စေ၊ တောင်၏ တန်ဖိုးကိုတော့ သိခွင့်ရပါ၏။ တစ်ချိန်တည်းမှာ ဆာလံဆရာ၏ သွန်သင်ချက်ကို သတိရမိပါစည်။ ငါ့ကိုမစခြင်းအကြောင်းပေါ်ထွက်ရာ တောင်ရိုးသို့ ငါမျှော်ကြည့်၏။ ထိုတောင်ရိုးကို ဖန်ဆင်းသောဘုရားသခင်ကို ငါမျှော်ကြည့်၏။ ရေဘေး၊ မုန်တိုင်းဘေးမှ လွတ်ကင်းအောင်၊ တောင်ရိုးသည် ကွယ်ကာ၍ အာမခံသည့်နည်းတူ၊ ကျွန်တော်တို့၏ အသက်တာ၌ ကြုံရမည့် ဘေးအမျိုးမျိုးကို ကွယ်ကာနိုင်သူမှာ တောင်ရိုးကို ဖန်ဆင်းသူဖြစ်သောကြောင့် ဘေးရောက်သောကာလ၌ သူ့ထံသို့ ပြေးလွှားချဉ်းကပ်ခိုလှုံရမည်သာ ဖြစ်ပါ၏။



ဇွန်လ (၁၆)ရက်၊ ၂၀၀၆ ခုနှစ် (သောကြာနေ့)

စကားပြောခြင်း၊ ကျင့်ကြံပြုမူခြင်း၊ သူတစ်ပါးကိုချစ်ခြင်း၊ စင်ကြယ်ခြင်းအရာမှာ၊ ယုံကြည်သောသူတို့အား ပုံသက်သေကိုပြုလော့။

(တိမောသေသြဝါဒစာ၊ ပထမစောင်၊ ၄း၁၂)

# "ပုံသက်သေ..."

အသက်ဘေးမှ အပြေးအလွှားထွက်ခွာလာသောသူတို့၌ ပါလာသောပစ္စည်းများကား အံ့သြဖွယ်ရာဖြစ်ပါ၏။ မုန်တိုင်းကို ဖြတ်သန်း၍ တောင်ရိုးပေါ်သို့ရောက်လာသောအခါ အိမ်ရှင်နှင့် တွေ့ရပါ၏။ သူသည် တစ်ခုတည်းပါလာသော လွယ်အိတ်ကို ပိုက်ထားရာ ဘာပါသလဲဟု ဖွင့်ကြည့်ပါ၏။ လေးခွတစ်လက်၊ လောက်စာလုံး ငါးဆယ်နှင့် လီမွန်တီးအထုပ်နှစ်ဆယ်ပဲပါသည်။ ပိုက်ဆံ၊ ရွှေ၊ ငွေအားလုံးကို မေ့ကျန်ခဲ့၍ စိတ်ညစ်နေပါ၏။ သူ့သမီးကလေး ထားဂေထူးက မိုးကာနှင့် ကြပ်ကြပ်ထုပ်ထားသော အထုပ်ကို ပိုက်ထား၍ ဘာများလဲဟု ကျွန်တော်စပ်စုကြည့်လျှင်. . . အင်္ကျီအစုတ်ကလေးငါးထည်ဖြစ်နေပြန်၏။ ရမိရရာ ဆွဲ၍ ပြေးလာသောသူတို့နှင့် ပါလာသောပစ္စည်းများမှ အံ့သြစရာဖြစ်နေပါသည်။ တန်ဖိုးကြီးသောအရာတစ်ခုမှ မပါပဲ အားလုံးပင်က ဘောက်တိကဘောက်ချာ ဖြစ်နေပါသည်။

တစ်စုံတစ်ရာကို သတိရ၍ စိတ်ပူသွားကာ. . . ၊ လူငယ်ဘဏ္ဍာထိန်းဖြစ်သော နှင်းပွင့်ဖြူဆီသို့ သွားကာ စုံစမ်းရလေ၏။ သမီး၊ ဘာတွေယူလာသလဲဟု မေးလျှင် ကိုယ်နှင့်မကွာဆောင်ထားသောသူမ၏ ကျောပိုးအိတ်ကို ပြလေသည်။ ဖွင့်ကြည့်လျှင် သူမပိုင်ပစ္စည်းဘာတစ်ခုမျှမပါပဲ၊ လူငယ်များ၏ သင်တန်းအသုံးစရိတ်နှင့် အပြန်ခရီးစရိတ်ငွေထုပ်သက်သက်သာဖြစ်လေသည်။ တကယ်တော့ သူမသည် ငယ်သောသူဖြစ်သော်လည်း သမ္မာသတိရှိစွာ၊ ဘဏ္ဍာထိန်းပီသစွာ ကျင့်ကြံနေနိုင်ပါ၏။ သူသူငါငါအသက်လုနေရသောအချိန်၌ သူသည်မည်သည့်အရာကိုမျှ မဆုပ်မကိုင်ထားပဲ၊ တာဝန်တစ်ခုကိုသာ ရွက်ထားပါ၏။သူမ၏နေရာမှာ ကျွန်တော်ရှိနေလျှင်. . ဘာတွေများယူမိမလဲ မသိပါ။ သေချာတာကတော့ ကယောင်ခြောက်ခြားနှင့် လွဲလွဲမှားမှားဖြစ်နိုင်ပါ၏။ သို့သော် ဤမိန်းကလေးမှာမူ. . . အသင်းတော်မှ ယုံကြည်စွာ ပေးအပ်သောတာဝန်ကို မုန်တိုင်းကြားထဲမှာပင်လျှင် အောင်မြင်အောင် ဆောင်ရွက်နိုင်ပါ၏။

ရှင်ပေါလုက တိမောသေကို သွန်သင်သော ဩဝါဒစာ၌. . . သင်၏အသက်အရွယ်နုပျိုသည်ကို အဘယ်သူမျှ မထိမဲ့မြင်မပြုစေနှင့်. . . ဟူ၍ ပါရှိပါသည်။ လူငယ်တို့သည် ခွန်အားကြီး၍ ဉာဏ်ပညာထက်မြက်၍ အနာဂတ်အတွက် မျှော်လင့်ချက်တောက်ပနေပါ၏။ သို့သော်နုနယ်သော အတွေ့အကြုံများကြောင့် ကြိမ်ဖန်များစွာပင် အထင်သေးခံရပါသည်။ သမ္မာသတိရှိလျက်၊ မိမိထမ်းရွက်စရာဝန်ကို ဘယ်အခြေအနေမှာဖြစ်ဖြစ်ပြီး မြောက်အောင်ဆောင်ရွက်နိုင်သောအခါတွင်မူ မည်သူမျှ အထိမဲ့မြင် ပြုခွင့်မရှိသည်ကို ဆင်ခြင်ကြပါစို့။

သင့်ကိုဖြစ်ပွားစေသော အဘ၏ စကားကို နားထောင်လော့။ အသက်ကြီးသော အမိကို မထီမဲ့မြင်မပြုနှင့် (သုတ္တံကျမ်း၊ ၂၃း၂၂)

## “နှလုံးသားဥ္စ...”

တစ်ခါက အလွန်ဆိုးသွမ်းသောသားတစ်ယောက်ရှိရာ၊ ဖခင်က မည်သို့မှ ဆုံးမ၍မရ ဖြစ်နေပါ၏။ ထို့နောက်တွင် ဖခင်သည် ပျဉ်တစ်ချပ်ကိုယူ၍ သံနှင့် တူကို အဆင့်သင့်ထားလေ၏။ ထို့နောက်. . . သားကိုခေါ်၍. . . ဒီနေ့ကစပြီး သားကအပြစ်တစ်ခုလုပ်တိုင်း ပျဉ်ပြားပေါ်မှာ သံတစ်ချောင်းကို ရိုက်ထားမယ်။ ပျဉ်ပြားကို အဖေ့ရဲ့ နှလုံးသားလို့ အောက်မေ့လိုက်ပါ. . . ဟုမှာလေ၏။ ထို့နောက်တွင် ဆိုးသောသားသည်အပြစ်များကို တစ်ခုပြီး တစ်ခုလုပ်လေရာ၊ သံတစ်ချောင်းပြီးတစ်ချောင်း ပျဉ်ပြား၌ စိုက်နေလေ၏။ သားသည် တစ်နေ့တွင် သံမှိုဖြင့် ပြည့်နေသောနှလုံးသားပျဉ်ပြားကို မော့၍ ကြည့်ပြီးမှ. . . ‘ကျွန်တော် ဒီလောက်ဆိုးမှန်း အစကမသိပါဘူး. . . ဖေဖေ’ဟု သည်းတွားလေ၏။

နောက်ဆိုရင် ကျွန်တော်လိမ္မာပြီး ဖေဖေ့စကားကို နားထောင်တော့မယ်. . . ဟုပြောသောအခါ ဖခင်က ပြုံး၍ ဖေဖေ့စကားကို နားထောင်တဲ့အခါတိုင်း ဒီသံချောင်းတွေကို တစ်ချောင်းစီနှုတ်ပစ်မယ်. . . ဟုဆိုလေ၏။ ထိုနေ့မှစ၍ သားသည် ဖခင်၏စကားကို နားထောင်၍ ကြိုးစား၍ အသက်တာကို ပြုပြင်နေထိုင်လာရာ ပျဉ်ပြားပေါ်မှ သံမှိုများတစ်ချောင်း လျော့နည်းလာပါသည်။ ရက်အနည်းငယ်လွန်မြောက်သောအခါ. . . ပျဉ်ပြားပေါ်မှာ သံမှိုများ လုံးဝကင်းရှင်းသွားပါ၏။ သို့သော် သားသည်ပျဉ်ပြားကို တွေဝေစွာကြည့်နေပါ၏။ တကယ်ဆို. . . သူဝမ်းသာရမှာမဟုတ်လား။ ဖခင်က ဘာဖြစ်တာလဲ. . . ဟုမေးလျှင် သားက ‘ကျွန်တော်စိတ်မကောင်းဘူးဖေဖေ။ အစကပျဉ်ပြားဟာ ချောမွေ့နေပေမယ့်၊ အခုတော့. . . အပေါက်တွေနဲ့ ဒဏ်ရာတွေကျန်ရစ်နေခဲ့လို့ပါ. . . ’ ဟုဖြေပါသည်။ ဖခင်က. . . ဒီပျဉ်ပြားဟာဖေဖေ့နှလုံးသားပါ။ သားသမီးတွေက ဆိုးမိုက်တဲ့အခါ ဖခင်ရဲ့နှလုံးသားမှာ သံမှိုစူးဝင်သလို ခံစားရပါတယ်။ သူတို့တတွေ နောင်တရလို့ လိမ္မာလာပြီဆိုရင်တော့. . . သံမှိုများ အနှုတ်အပယ်ခံရသလို ဖြစ်နေခဲ့ပါတယ်။ သံမှိုတွေဆွဲနှုတ်ပြီးတာတောင်မှ ဒဏ်ရာဒဏ်ချက်တွေနဲ့တူတဲ့ အပေါက်တွေ ကျန်ရစ်ခဲ့သေးတယ်။ အနာတရဖြစ်စေတယ်. . . ဆိုတဲ့သဘောပါ. . . ’ဟု ရှင်းပြလေသည်။

ကျွန်တော်တို့ ယုံကြည်သူသားသမီးများသည် သခင်ယေရှု၏ ပုံသက်သေမှ သွေဖီ၍ ဆိုးဝါးစွာအသက်ရှင်သောအခါ ယေရှုသခင်၏ နှလုံးသားပျဉ်ပြားပေါ်မှာ ဒဏ်ရာဒဏ်ချက် သံမှိုနှက်သလိုပါပဲ။ လက်ဝါးကပ်တိုင်ပေါ်မှာ သံချက်တွေ ပိုပိုရိုက်ခံစေသော ကိုယ်တော်၏ ခန္ဓာကိုယ်ကို မြင်ယောင်ကြည့်နိုင်ပါသည်။ နောင်တနှင့် အကျင့်သီလကို ဆောက်တည်သောအခါ ကိုယ်တော်၏ခန္ဓာမှ သံချက်တစ်ခုကို နှုတ်ပယ်သလို ဖြစ်ပါ၏။ သံမှုများကုန်ဆုံးလျှင်တောင်မှ သံချက်ဒဏ်ရာကတော့ တင်ကျန်နေပါဦးမည်။ ကိုယ်တော်သည် ယနေ့တိုင်ကားတိုင်၌ ကျွန်တော်တို့၏ အပြစ်ကြွေးကို ဆပ်ပေးသောကြောင့် တိုး၍ သံချက်ရိုက်မခံရဖို့ ဆိုးသောအသက်တာကို ပြုပြင်ရပါမည်။ နှုတ်ကပတ်တော်ကျမ်းစာလာသည့်အတိုင်း အသက်ရှင်ပါမှ ကိုယ်တော့်မှာ သံချက်ကင်းနိုင်ပါလိမ့်မည်။





ငါ့သား။ အဘ၏နည်းဥပဒေသကို နားထောင်လော့။ အမိ၏ တရားကိုလည်း မပယ်နှင့်။ ထိုနည်းဥပဒေသ တရားတို့သည် သင်၏ခေါင်း၌ တင့်တယ်သောဦးရစ်၊ သင်၏ လည်ပင်း၌ ပတ်ရစ်သောလည်ဆွဲဖြစ်ကြလိမ့်မည်။ (သု၊ ၁း၈)

## “ချစ်ဖေဖေ ...”

ဓမ္မသီချင်းအများကို နားထောင်ခဲ့သော်လည်း တေးရေးဆရာသောမတ်စ် ရေးသားသီကုံး၍ သူ၏သမီးဖြစ်သူ အကြင်နာသောမတ်စ်သီဆိုသော ‘ချစ်ဖေဖေ’ သီချင်းကို အနှစ်သက်ဆုံးဖြစ်ခဲ့ပါသည်။ ရေးသူကဖခင်၊ ဆိုသူကသမီး၊ သီချင်းက. . . ဖခင်မေတ္တာဖွဲ့ ဖြစ်ရာ၊ သီချင်းစာသား၊ တေးဂီတဖန်တီးမှုမှာ ထူးခြားသည်မဟုတ်သည့်တိုင် နှလုံးသားခံစားချက် အနုပညာအစစ်အမှန်ဖြစ်၍ အသက်ဝင်(Live) သီချင်းဖြစ်လာသည်။ ယနေ့ညတွင်တော့. . . သားအဖနှစ်ယောက်၏ မိသားစုမေတ္တာကဗျာကိုပဲ နားဆင်ခွန်အားယူကြရအောင်။

၁။ ပင်ပန်းကြီးစွာနေ့တိုင်းပဲ၊ တစ်နေကုန်ဖွေရှာ ဝမ်းစာရေးမသက်သာ။
ရင်မှာဖြစ်တည်ချစ်ခြင်းတွေ အိမ်ထောင်အပေါ်မှာ အတိုင်းအတာထက်
မလျော့ပါ။ ရင်သွေးများရှေ့ရေးကို မျှော်မြင်တွေး။
ကျေးဇူးကြီးမားတဲ့ ဖေဖေ။

၂။ မိသားစုကို ခွန်အားပေး၊ ပူပန်စရာဆို အပြုံးတွေနဲ့ဖုံးကွယ်။
လိုအပ်မှုကို ဆုတောင်းပေး၊ အလိုတော်ဝန်ခံ အသက်ရှင်ခြင်းသက်သေ။
ထာဝရဝိညာဉ်ရေးတွေ သွန်သင်ပေး။
ကျေးဇူးပဲ သား/သမီးတို့ ဖေဖေ။

CHO: ဖေဖေပြည့်နှင့်သော ဘဝလမ်းအမှန်တွေ၊ ဖေဖေသိစေသော ဝိညာဉ်လမ်းတစ်
လမ်း၊ ဖေဖေရောက်စေသော ဘဝပန်းတိုင်တွေ၊ ဝိညာဉ်အသက်တည်သရွေ့
အမှန်တကယ်၊ ရောက်ရမယ်လေ။
ဖေဖေအတွက် ဆုတောင်းအစဉ်ကျန်းမာစေ။ လိုရာပြည့်စေကြောင်းရည်ရွယ်
လမ်းထဲ၊ ဖေဖေရောက်လိုသော ဘဝပန်းတိုင်တွေ၊ ဝိညာဉ်တွေ၊ အဖဘုရားသခင်
လက်နဲ့ အုပ်စိုးပို့ဆောင်စေ။

သီချင်းလေးကို ဖတ်ရှုနားဆင်သောအခါ၊ ဖခင်နှင့်သမီးသားတို့အကြားမှာ ဘုရားသခင်နှစ်သက်သော မေတ္တာနှင့်နှောင်ဖွဲ့ခြင်းအရသာကို ခံစားရပါသည်။ အိမ်ထောင်တစ်ခုမှာ အရေးပါသော အခန်းကဏ္ဍမှာရှိနေသည့် ဖခင်ကို ဂုဏ်ပြုသောအသံ၊ ဆုတောင်းမေတ္တာပို့သံကိုကြားလျှင် ရင်မှာကြည်နူးစွာ ခံစားရပါသည်။ ဤသမီးကလေး ‘အကြင်နာ’၏ ချစ်ဖေဖေသီချင်းသည် တကယ်တော့ ဖခင်‘သောမတ်’ အတွက်သာမဟုတ်ပဲ။ ကမ္ဘာပေါ်မှာရှိရှိသမျှသော ဖခင်တို့ကိုရည်ရွယ်ပါ၏။ အကယ်၍များ ယနေ့ညမှာ ချစ်ဖေဖေကဗျာလေးကို အကြင်နာနည်းတူ အားလုံးသောသားသမီးများက ရွတ်ဆိုသီကျူးခဲ့ပါလျှင် ဖခင်များနေ့သည် မေတ္တာပန်းများဖြင့် မည်မျှလှပခမ်းနားမည်ကို ဆင်ခြင်ကြပါစို့။

ပညာရှိသောသားသည် အဘ၏သွန်သင်ခြင်းကို နားထောင်တတ်၏။ မထီမဲ့မြင်ပြုတတ်သောသားမူကား အပြစ်တင်ခြင်းကို နားထောင်မတတ်။ (သုတ္တံကျမ်း၊ ၁၃း၁)

## "ပညာရှိသောသား ..."

ဖခင်များနေ့ကိုရောက်တိုင်း သားသမီးများကရောက်လာ၍ ပုဆိုးကလေး၊ မုန့်ကလေး လက်ဆောင်လာပေးကြသော အသင်းသားများကလည်း မေတ္တာလက်ဆောင်များဖြင့် ရောက်လာကြပါ၏။ သားငယ်ကလေး ထူးအုပ်စိုးကတော့ ငွေရေးကြေးရေးမှာ ကပ်စေးနည်းသလို သူရသမျှတစ်ခါမှမလောက်သဖြင့် ဘယ်တော့မှ လက်ဆောင်မပေးနိုင်ပဲ စကားကလေးနဲ့သာ လက်ဆောင်ပေးပါ၏။ သားက. . . ဒီလက်ဆောင်တွေနဲ့တော့ မပေးဘူး၊ မိဘကိုတစ်သက်လုံးစောင့်ရှောက်မှာ။ ဖေဖေတို့အိုမှသိမယ်. . . ဟုပြောပါ၏။ ကျွန်တော်တို့ကလည်း သားထွေးဆိုတော့ အားလည်းကိုး၊ ယုံလည်းယုံကြည်တာပေါ့။ လွန်ခဲ့သောဧပြီလ. . . ချောင်းသာမှာ ကျမ်းစာသင်တန်း သွားသောအခါ သူလည်းပါပါ၏။ မမျှော်လင့်ပဲ မုန်တိုင်းနှင့်ကြုံ၍ သူသူငါငါထွက်ပြေးတော့. . . ကျွန်တော့်မှာ ရောဂါတစ်ဖက်နှင့်မို့ သားငယ်ကိုအားကိုးတကြီးလိုက်ရှာရာ ဘယ်မှမတွေ့ပါ။ လူတွေပြေးကုန်၍ ကျွန်တော်နှင့် သမီးသာကျန်မှ သမီးကရှာမတွေ့ဘူးအဖေ။ သူပြေးသွားပြီထင်တယ်. . . ဟု ပြောရင်း ကျွန်တော့်ကိုတွဲကာ မုန်တိုင်းကြားမှ သားအဖနှစ်ယောက် ကသောင်းကနင်းဖြတ်သန်းရလေ၏။

စကားဝါတောင်သို့ ရောက်လျှင်တော့. . . သားကို တွေ့ရပါပြီ။ လက်စသတ်တော့ ကိုယ်တော်ချောက သူ့သူငယ်ချင်း နှစ်ယောက်ဖြစ်သော သီရိခိုင်နှင့် နှင်းပွင့်ဖြူကို တွဲခေါ်ကာပြေးသွားတာကိုး။ သူတို့ သူငယ်ချင်းသုံးယောက်က မုန်တိုင်းကြားမှာ သွေးစည်းညီညွတ်စွာ အပြင်းအထန် တွဲဖက်ကျော်ဖြတ်လာနိုင်တော့၊ ကျေးဇူးတော်ကိုချီးမွမ်းရင်း ဆုတောင်းနေသည်ကိုတွေ့ရလျှင်. . . ဘယ်လိုမှန်းမသိ။ဓမ္မဝန်ဆောင် ဖြစ်ပါလျက်စိတ်ထဲမှာတော့ မြက်ကနဲဖြစ်သွားသည်။ဘယ့်နှယ်အဖေကိုတော့ပစ်ထားပြီး သူငယ်ချင်းကောင်မလေးနှစ်ယောက်ကိုတော့ စွန့်စွန့်စားစား၊ ရေလှိုင်းမကြောက် ၊ မုန်တိုင်းမကြောက် တွဲရတယ်လို့။ သူ့ကိုအသာလက်ကုတ်ခေါ်ပြီး. . . ဟေ့ ကောင်၊ မင်းဒါတော့ မတရားဘူးထင်တယ် ဟုပြောလျှင် သူက. . . သီရိကရောဂါသည်။ နေကောင်းတာမှ မဟုတ်တာ။ ကျွန်တော့်ကိုလိုအပ်တယ်လေ. . . ဟုဆင်ခြေပေး၏။ ဒါဆို နှင်းပွင့်ဖြူကကော. . . ဟုမေးလျှင်၊ သူကဘဏ္ဍာထိန်းလေ။ ငွေထုပ်မမေ့အောင်၊ မပျောက်အောင်. . . ကျွန်တော်စောင့်ရှောက်ကူညီရတာပေါ့။ မဟုတ်ရင် ဘယ်သူမှပြန်လို့ရမှာမဟုတ်ဘူးလေ. . . တဲ့။ ကောင်းရောကွာ၊ မင်းဆင်ခြေတော့ ဟုတ်နေတာပဲ။ ဒါနဲ့ မင်းအဖေ. . . ငါကကောဟုမေးလျှင်၊ အဖေက အမှုတော်ဆောင်ပဲ ဘုရားသခင်က စောင့်ရှောက်မယ်ဆိုတာ. . . သားသိသားပဲ ဟုဖြေရာ၊ စကားဝါတောင်ပေါ်မှာ အရိုးချချင်လောက်အောင် စိတ်ညစ်ညစ်နှင့် ရယ်မိပါသည်။

သားသမီးတို့အပေါ် မှာထားသောမိဘတို့၏ မေတ္တာကား စုန်ရေသက်သက်ဖြစ်ပါသည်။ ကြိမ်ဖန်များစွာ ရေစီးတခါ၊ ရေစီးတခါ ဖြစ်နေပါသည်။ တစ်ခါတစ်လေ ရေသာတလှည့် ဖြစ်ခဲ့လျှင်မည်မျှရွှင်လန်းဖွယ် ဖြစ်မည်နည်း။ ကိုယ်တော်ဘုရား၏ မေတ္တာကိုသာခံယူရုံမဟုတ်။ ယုံကြည်သူသားမီးများကလည်းတုံ့ပြန်ချစ်ခြင်းနှင့် အသင်းတော်၊ ဘုရားသခင်. . . ကို လက်ဆောင်တစ်ခုပေးနိုင်လျှင် ဘုရားရှင်မည်မျှဝမ်းသာမည်နည်း။





ဖြောင့်မတ်သော အကျင့်နှင့် သစ္စာစကားကို စိတ်နှလုံးပါလျက် ပြောသောသူသည်. . . လှုပ်ရှားခြင်းနှင့်အစဉ်ကင်းလွတ်လိမ့်မည်။ (ဆာလံကျမ်း၊ ၁၅း၂-၅)

## "သစ္စာစကား ..."

တစ်ခါက၊ သမင်ကလေးတစ်ကောင်ကို မုဆိုးများက မြင်းနှင့်လိုက်ကြ၏။ ဒူးလေး၊ မြားတောင့်နှင့် လိုက်လံပစ်ခတ်သော်လည်း မထိနိုင်မမိနိုင် ဖြစ်ပါသတဲ့။ သမင်ကလေးကအတင်းပြေးလွှားရင်း တဒင်္ဂတော့ လွတ်မြောက်သွားပါ၏။ သို့သော်. . . ရန်ကမအေးနိုင်ပါ။ သစ်ခုတ်သမားများနှင့် တွေ့ရာ သစ်ခုတ်သမားများက ပုဆိန်၊ ဓား. . . စသည့်ရရာလက်နက်နှင့် သမင်ကလေး၏နောက်သို့ လိုက်ပြန်ရာ သမင်ကလေးခမျာ ယာတဲကလေးတစ်လုံးထဲသို့ အတင်းပြေးဝင်ကာ ယာသမားတဲရှင်ကိုတောင်းပန်လေ၏။

"ကျွန်တော်ရဲ့ အသက်ကိုကယ်ပါခင်ဗျာ။ နောက်မှာမုဆိုးတွေ၊ သစ်ခုတ်သမားတွေလိုက်လာနေလို့၊ ပုန်းခိုစရာတနေရာ ပြပေးပါခင်ဗျာ. . . ။

တဲရှင်က. . . ထင်းပုံရှိရာကို လက်ညှိုးထိုးပြပြီး ပုန်းခိုင်းလိုက်ပါသည်။ ထိုအချိန်မှာပင် မုဆိုးများ၊ သစ်ခုတ်သမားများ ရောက်လာပါသည်။ သူတို့ကတဲရှင်အား "ဒီမှာ မိတ်ဆွေ၊ ခုနက. . . သမင်ကလေးတစ်ကောင် ဒီဖက်ကိုပြေးလာတာ မမြင်မိဘူးလား"ဟု မေးမြန်းစုံစမ်းလေသည်။ ယာတဲရှင်က. . . မတွေ့မိပါဘူးခင်ဗျာ။ ဒီဖက်ကို ဘယ်သမင်မှ ပြေးမလာပါဘူး. . . ဟု နှုတ်မှဖြေရင်း၊ သမင်လေးပုန်းနေသည့် နေရာကို မသိမသာလက်ညှိုးထိုးပြနေပါ၏။ ထိုအဖြစ်ကို ထင်ပုံကြား၌ပုန်းနေသော သမင်ကလေးကချောင်းကြည့်၍ မြင်နေရပါသည်။ ယာတဲရှင်က လက်ညှိုးထိုးပြသော်လည်း မုဆိုးများ၊ သစ်ခုတ်သမားများက မရိပ်မိပဲရှိနေပါသည်။ ထို့နောက်တွင် သူတို့သည် တဲထဲမှ ထွက်ခွာသွားလေ၏။ ဘေးအန္တရယ်မှ လွတ်မြောက်ချိန်တွင် သမင်ကလေးသည် ပုန်းခိုရာမှထွက်လာကာ. . . တဲထဲမှပြေးထွက်ဖို့ ဟန်ပြင်ပါ၏။ တဲရှင်က "ဟဲ့. . . သမင်ကောင်. . . ကျေးဇူးတင်စကားကလေးတောင် မပြောပါလားကွ. . . "ဟုဆိုလျှင် သမင်ကလေးက. . . "ဟုတ်တာပေါ့၊ ပြောသင့်တာပေါ့။ ဒါပေမယ့်ခင်ဗျာ၊ ခင်ဗျားပါးစပ်ကပြောသလို လက်ကလည်းလုပ်ရင် သိပ်ကောင်းမှာပဲ။ ခင်ဗျားဟာ အပြောနဲ့အလုပ်မညီသလို၊ ကျေးဇူးတင်စကားအစား၊ ဝမ်းနည်းစကားပဲ ပြောပါရစေ. . . "ဟု နှုတ်ဆက်သွားပါသတဲ့။

မြန်မာစကားတွင် ပါးစပ်က ဘုရား . . ဘုရား၊ လက်က ကားယား . . ကားယား" ဟူ၍ရှိပါ၏။ အပြောနှင့်အလုပ်မညီလျှင် ရှေ့တော်မှာလည်း နှစ်သက်ဖွယ်မရှိပါ။ ဆာလံဆရာက. . . 'လှုပ်ရှားခြင်း'နှင့် ကင်းလွတ်ရန် သစ္စာစကားကိုပြောရန် သွန်သင်ပါသည်။ လှုပ်ရှားခြင်းဟူသည် အသက်တာမှာ ဒုက္ခပေါင်းများစွာနှင့် တွေ့ရပြီး၊ ကာယနှင့်စိတ်လှုပ်ရှားခြင်း၊ သောကပူလောင်ခြင်းကို ဆိုလိုရာ ထိုအမှုမှကင်းလွတ်ရန်. . . သစ္စာစကားကိုစိတ်နှလုံးပါလျက် ဆိုရမည်ဟု ကျမ်းစာလာပါသည်။

**ဇွန်လ (၂၁) ရက်၊ ၂၀၀၆ ခုနှစ် (ဗုဒ္ဓဟူးနေ့)**

အို. . . ထာဝရဘုရား၊ ကျေးဇူးပြုချင်သော စေတနာတော်သည် ကောင်းမွန်သောကြောင့် အကျွန်ုပ်စကားကို နားထောင်တော်မူပါ။ စုံမက်ခြင်းဂရုဏာများပြားသည်နှင့်မညီ အကျွန်ုပ်ကို မျက်နှာပြုတော်မူပါ။ (ဆာလံကျမ်း၊ ၆၉း၁၆)

## "မျက်နှာတော်မူပါ..."

တစ်ခါက. . . ဈေးပွဲတော်တစ်ခုတွင်၊ ဈေးသည်တစ်ယောက် မိုးပျံပူဖောင်းရောင်းနေပါ၏။ ပူဖောင်းများက ဖြူနီဝါပြာ ရောင်စုံ။ ဈေးရောင်းသူက ပူဖောင်းတွေ အရောင်းနှေးလာပြီဆိုလျှင်. . . ပူဖောင်းတစ်လုံးကို ကြိုးဖြည်၍ လွှတ်လိုက်သည်။ ထိုအခါ ပူဖောင်းက အထဲတွင်ရှိနေသည့် ဟီလီယမ်ဓာတ်ငွေ့တန်ခိုးဖြင့် မိုးကောင်းကင်သို့ တရှိန်ထိုးတက်လေ၏။ ပူဖောင်းတစ်လုံးကောင်းကင်သို့ တက်သွားသောအခါ ဈေးထဲမှ ကလေးတွေ စိတ်ဝင်စားစွာမော့ကြည့်ကြသည်။ ပြီးလျှင် သူတို့အထဲမှ အတော်များများက ပူဖောင်းကို လိုချင်လာသဖြင့် အတူလာသည့် လူကြီးအားပူဆာလေသည်။ ထိုအခါ ပူဖောင်းရောင်းသူခမျာ ရောင်းချခွင့်ရလေ၏။ ဈေးသည်က အဲသလို အဆင်ပြေနေတုံး. . .

သူ၏အကျႌကို တစ်စုံတစ်ယောက်က လာဆွဲသဖြင့် လှည့်ကြည့်တော့ကလေးငယ်တစ်ယောက်ဖြစ်နေပါသည်။ ကလေးက. . . "ဦးလေး၊ ကျွန်တော့်ကို ရောင်းလိုက်တာ ပူဖောင်းအမဲရောင်ကြီး။ အဲဒါကြီးက လွှတ်လိုက်ရင် လေထဲကို တက်ပါမလား. . . . "ဟု သံသယနှင့် မေးပါသည်။ ထိုအခါ ဈေးသည်က အားပါတရ ပြုံးကာ၊ စိတ်ချစမ်းပါသားရဲ့။ ပူဖောင်းအားလုံးကို ဓာတ်ငွေ့ဖြည့်ထားတာပဲ. . . ဟုဖြေလျှင် ကလေးငယ်သည် အားပါးတရ ရယ်မောပျော်ရွှင်ဝမ်းမြောက်သွားပါသည်။ သူ. . . သဘောပေါက်သွားပြီ။ ပူဖောင်းသည် အရောင်အဆင်း အဓိကမဟုတ်။ အထဲမှာရှိသော ဓာတ်ငွေ့သာ အဓိက ဖြစ်ပါသည်။

လူတစ်ယောက် အောင်မြင်တိုးတက်သည်ကို မည်ကဲ့သို့ သိနိုင်ပါသနည်း။ ရွှေငွေတိုက်တာပိုင်ဆိုင်ခြင်းကို တိုးတက်သည်ဟု မြင်ပါသလား။ စင်စစ်ဖွံ့ဖြိုးသည်ဟူသော အရာမှာ ပြင်ပအသွင်သဏ္ဍာန်ထက်အတွင်းမှ ထွက်လာသည်ကို ဆင်ခြင်နိုင်ပါ၏။ ကျွန်တော်တို့၏ ဘဝအမြင့်တစ်နေရာကို ကြိုးစားကြသောအခါ၊ သူကဘာကြောင့်၊ ငါကဘာကြောင့်ဟု စဉ်းစားလျှင် မှားပါသည်။ ဘုရားသခင်သည် သူ့ကိုဖြစ် ငါ့ကိုဖြစ်စေ. . . မြေမှုန့်မှ ဖန်ဆင်းသည်ဖြစ်၍ လတ်တလောမှာ ကွဲပြားသောအရောင်အဆင်း၊ တစ်နည်းအားဖြင့် အခြေအနေရှိသော်လည်း မည်သူ့ကိုမဆို တိုးတက်ရန် အခွင့်အလမ်းအတူပေးပါသည်။ သို့သော်လည်း. . . ကိုယ်ကြိုးစားရုံနှင့်မရ။ အတွင်းမှာ ခွန်အားဓာတ်ငွေ့ရှိဖို့လိုပါသည်။ ကျွန်တော်တို့၏အတွင်းမှာ ဘုရားသခင်ကိန်းဝပ်လျက် တွန်းအားပေးလျှင်. . အခြားသောသူများနည်းတူ အောင်မြင်ခြင်းကို ရနိုင်ပါသည်။ အရေးကြီးသောအချက်မှာအတွင်း ခွန်အားကိုနိုင်ဖို့ ဆာလံဆရာနည်းတူ ဆုတောင်းရပါလိမ့်မည်။ ဘုရားရှင်သည် ကျွန်တော်တို့ကို ကျေးဇူးပြုချင်သောစေတနာရှိသည်ကို သိမှတ်၍ ကျွန်တော်တို့အား မျက်နှာပြုရသော အခွင့်ကို တောင်းဆိုခဲ့ပါလျှင် ကျွန်တော်တို့၏ ရည်မှန်းချက် ပူဖောင်းများ အထက်တစ်နေရာသို့ရောက်ပါလိမ့်မည်။



**ဇွန်လ (၂၂) ရက်၊ ၂၀၀၆ ခုနှစ် (ကြာသပတေးနေ့)**

ဘုရားသခင်၏သားဖြစ်သောသူမည်သည်ကား လောကကို အောင်တတ်၏။ လောကကို အောင်ခြင်းအကြောင်းမူကား ငါ့ကိုယုံကြည်ခြင်းပေတည်း။ (ရှင်ယောဟန်ဩဝါဒစာပဌမစောင်၊ ၅း၄)

## "အောင်ခြင်းအကြောင်း ..."

တစ်ချိန်တုံးက အမေရိကန်မှာ လူမည်းများအလွန်အောက်တန်းကျ၍ နှိမ့်ချဆက်ဆံခဲ့ပါသည်။ ထိုကာလ၌ မွေးဖွားလာသောကွန်ဒိုလီဇာရိုက် (Condo leezar Rice) သည် ကပ္ပလီမကလေးဖြစ်၍ ခရစ်ယာန်ဘာသာကို ယုံကြည်လက်ခံသောမိသားစုမှ ပေါက်ဖွားလာခဲ့ပါသည်။ သူ၏ဖခင်က အမြဲပင်. . . 'သမီးရဲ့ အသက်တာမှာ သခင်ယေရှုအုပ်စိုးခွင့်ပေးပါ. . . 'ဟုသွန်သင်ဆုံးမလေသည်။ ကြီးလာသောအခါ စာပေမှာထူးချွန်ခဲ့ပါသည်။ တက္ကသိုလ်သို့ အဆင့်မီမီတက်ရောက်ခွင့်ရသော်လည်း သူမ၏အသားအရောင်ကြောင့် နှိမ့်ချဆက်ဆံခြင်းကိုခံရပါသည်။ ဒီနေရာဟာ အသားမည်းမည်းကပ္ပလီကျွဲမတွေရဲ့ နေရာမဟုတ်ဘူး. . . ဟူ၍ပင် ခပ်ဆိုးဆိုးပြောဆိုခြင်းကို ခံရပါသည်။ ကျောင်းမှပြန်လာ၍ ဖခင်ကို တိုင်သောအခါ ဖခင်က. . .

"ခရစ်တော်ကိုရမယ်။ ခရစ်တော်ကို အရှင်သခင်အဖြစ် လက်ခံပြီး လမ်းပြပို့ဆောင်မှုကို ခံယူရင်၊ သူတို့အားလုံးကို သမီးအနိုင်ရလိမ့်မယ်". . . ဟုပြောဆိုအားပေးလေသည်။ ဘုရားသခင်မှတစ်ပါး အားကိုးစရာမရှိသော မိန်းကလေးသည် အကြိမ်ကြိမ်ဆုတောင်း၍ တက္ကသိုလ်ပညာကို မရအရ ကြိုးစားသင်ယူခဲ့ပါ၏။ ဖခင်၏ အားပေးစကားကို နာယူလျက် ကြိုးစားကာ ခရစ်တော်ကို ဖက်ယမ်းခဲ့သော မစ္စရိုက်သည် နောက်ဆုံးတွင် အောင်မြင်မှုလှေကားကို တစ်ထစ်ပြီး၊ တစ်ထစ်နင်းတက်လာခဲ့ပါသည်။ အမေရိကန်ပြည်မှာ ကောလင်းပါဝဲ. နိုင်ငံခြားရေးဝန်ကြီးရာထူးမှ အနားယူသောအခါ သူ၏နေရာကို ဆက်ခံမည့်သူများကို ရွေးချယ်ခန့်ထားရန်ကိစ္စ ပေါ်လာပါသည်။ တစ်တိုင်းတစ်ပြည်လုံးမှာ ပညာတတ်သူ၊ ထူးချွန်သူအများကို စေ့စေ့ကြည့်ရှုရှာဖွေပြီးနောက် သမ္မတဘုရှ်သည် နိုင်ငံခြားရေးဝန်ကြီးအသစ်၏အမည်ကို ထုတ်ဖော်ကြေညာခဲ့လေ၏။ သူမ၏အမည်မှာ ကွန်ဒိုလီဇာရိုက်ဖြစ်၍ တစ်ချိန်တုံးက ကပ္ပလီကျွဲမကလေးဟု နှိမ့်ချပြောဆိုခံရသူပါ။ ယခုတော့ ပညာရဲရင့်၍ ပွဲလယ်တင့်ခဲ့ရပါပြီ။ စင်စစ်. . . ဤရာထူးမှာ၊ အသားဖြူ လူယောကျ်ားခန့်ခန့်ညားညားနှင့်သာ အမြဲတစေထိုက်တန်သည်ဟု အောက်မေ့သူများအတွက် အံ့အားသင့်စရာပါ။ သို့သော်လည်း အမျိုးသနီးတစ်ယောက်ဖြစ်ရုံမက အသားမည်းသူတစ်ယောက်လည်းဖြစ်သော. . မစ္စရိုက်သည် ရွေးချယ်ခံခဲ့ရပါ၏။

"အသက်တာမှာ ခရစ်တော်ကိုရအောင် ယူထားပါ။ သူတို့ကို မင်းအနိုင်ရလိမ့်မယ်" ဟုသော ဖခင်၏စကားကို ကြပ်ကြပ်နာခံ၍ အသက်ရှင်ခဲ့သောသမီးသည် နောက်ဆုံးမှာ အမြင့်ဆုံး၌ နေရာရလေ၏။ မိဘစကားနားထောင်ပြေးက သံပြားကျောက်စောင်း၊ ကျိုးသော်ပြောင်း၏ဟု စကားပုံရှိပါသည်။ ဘဝအောင်မြင်ဖို့ မိဘတို့၏ စကားကို နာခံကြပါစို့။

ဇွန်လ (၂၃) ရက်၊ ၂၀၀၆ ခုနှစ် (သောကြာနေ့)

ဤသူကား ငါ၏ ချစ်သားပေတည်း။ သူ၏စကားကို နားထောင်ကြလော့. . ဟု မိုးယံးတိမ်က အသံတော်ဖြစ်လေ၏။ (ရှင်လုကာခရစ်ဝင်ကျမ်း၊ ၉း၃၅)

## "ပြောင်းလဲစေခြင်းငှါ..."

ယခုနှစ် ဧပြီလတွင် အင်းစိန်မြို့၊ ကျမ်းစာကျောင်းကုန်းတွင် ဆဋ္ဌမအကြိမ်မြောက် နှစ်ခြင်း လူငယ်ဓမ္မညီလာခံကို ခြိမ့်ခြိမ့်သည်းသည်း ကျင်းပခဲ့ပါသည်။ ဓမ္မညီလာခံ၏ အဓိက အချက်မှာ "သခင်ဘုရား၏ ကျေးဇူးတော်၌ ကမ္ဘာကြီးကို ပြောင်းလဲစေပါ" (God, In your grace, Transform the world) ဖြစ်ပါသည်။ ညီလာခံ၏ အဓိကအချက်ကို ဒေါက်တာ ယဟလေ လေးလ၏ ဖွင့်ဆိုပြမှုတစ်ခုမှာ အလွန်ဆင်ခြင်စရာဖြစ်၍တဆင့် ဝေငှလိုပါသည်။ ဆရာကြီးက. . . ပြောင်းလဲခြင်း (၃)မျိုးအကြောင်းကို ခွဲခြမ်းစိတ်ဖြာခဲ့ရာ (၁) ရုပ်ပိုင်းဆိုင်ရာပြောင်းလဲခြင်း၊ (၂) စိတ်ပိုင်းဆိုင်ရာပြောင်းလဲခြင်း၊ (၃) ဝိညာဉ်ပိုင်းဆိုင်ရာပြောင်းလဲခြင်းဟူ၍ ဖြစ်ပါသည်။

ရုပ်ပိုင်းဆိုင်ရာပြောင်းလဲခြင်းသည် မျက်စိနှင့်မြင်နိုင်၍ ထိတွေ့နိုင်ပါသည်။ ရုပ်ခန္ဓာကို အစားထိုးပြောင်းလဲနိုင်၍ လူသားများသည် အချို့ကို လုပ်ကိုင်ဆောင်ရွက်ပြောင်းလဲနိုင်ပါသည်။ စိတ်ပိုင်းဆိုင်ရာပြောင်းလဲခြင်းသည် ထိတွေ့ကိုင်တွယ်၍ မရနိုင်ပါ။ သို့သော် ပေါင်းသင်းဆက်ဆံမိသဟာယဖွဲ့၍ ရနိုင်ပါသည်။ လူအချင်းချင်းသွန်သင်၍ သို့မဟုတ် ဉာဏ်ပညာကို ဆည်းပူးလေ့လာခြင်းဖြင့်လည်းကောင်း၊ အတွေ့အကြုံအားဖြင့်လည်းကောင်း ပြောင်းလဲနိုင်ပါသည်။ အနှစ်သာရအားဖြင့် ရုပ်နှင့်စိတ်ပြောင်းလဲစေခြင်းငှါ လူသည် အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်နိုင်ပါ၏။ သို့သော်. . . ဝိညာဉ်ပိုင်းဆိုင်ရာ ပြောင်းလဲခြင်းသည် လူသားများမတတ်နိုင်၊ မလုပ်နိုင်သောအရာ ဖြစ်သည်။ ယေရှုခရစ်တစ်ပါတည်းသာလျှင် တတ်နိုင်၏။ ထို့ကြောင့် ကျေးဇူးတော်သက်သက်ဖြစ်ပါ၏။ ဤဝိညာဉ်ပိုင်းဆိုင်ရာပြောင်းလဲခြင်းကို လူသားတို့မတတ်နိုင်။ မလုပ်နိုင်သောကြောင့် ယေရှုခရစ်ကိုသာ ယုံကြည်၍ နာခံခြင်း (Trust and obey) သည်သာ ပြောင်းလဲမှုကို ရယူတည်ဆောက်ရမည်သာ ဖြစ်ပေသည်. . . ဟု ဖော်ပြခဲ့ပါ၏။

ယုံကြည်ခြင်းနှင့် နာခံခြင်း. . . ဟူသော ဆရာ၏စကားကို ကျွန်တော်ဆင်ခြင်မိပါသည်။ အသက်တာပြောင်းလဲဖို့၊ ဝိညာဉ်ရေးရာတိုးတက်ကြီးပွားဖို့ အဓိကအချက်ဟု မြင်ပါသည်။ ကြိမ်ဖန်များစွာပင် နှုတ်ကပတ်တော်ကို ဖတ်သော်လည်း ယုံကြည်စွာနာခံခြင်း မရှိခဲ့သဖြင့် ဖြစ်နေခဲ့ပါသည်။ ကျွဲပါးမှာ စောင်းတီးသလိုဖြစ်နေရင် ဝိညာဉ်ရေးမှာ ရင့်ကျက်လာဖို့နှင့် ပြောင်းလဲလာဖို့ ခက်ခဲနေဆဲဖြစ်ပါလိမ့်မည်။ ယနေ့ဖတ်သော နှုတ်ကပတ်တော်ကို အမှန်တရားဟု ယုံကြည်လျှင် ထိုအတိုင်းပင် အသက်ရှင်ဖို့ လိုအပ်ပါသေးသည်။ ကျမ်းစာကို ပိတ်သည်နှင့် သွန်သင်ချက်ကို မေ့မပစ်ပဲ တစ်နေ့တာ လိုက်လျှောက် အသက်ရှင်ပါလျှင် တူးခြားသော ဝိညာဉ်ရေးပြောင်းလဲမှုကို ဧကန်ရမည်အကြောင်းကို သိမှတ်ကြပါစို့။



ဇွန်လ (၂၄) ရက်၊ ၂၀၀၆ ခုနှစ် (စနေနေ့)

ဖြောင့်မတ်သောသူ၏ အလုပ်အကိုင်သည် အသက်နှင့်လည်းကောင်း၊ မတရားသောသူ၏ အကျိုးစီးပွားသည်. . . အပြစ်နှင့်လည်းကောင်း ယှဉ်၏။ (သုတ္တံကျမ်း၊ ၁၀း၁၆)

## "ရယူအပ်သော ကောင်းကြီးမင်္ဂလာ ..."

ချောင်းသာကမ်းခြေမှာ မိုးသက်မုန်တိုင်း တိုက်ခတ်သဖြင့် တည်းခိုရန် နေရာအများသည် နာရီပိုင်းအတွင်းမှာပင် ပျက်စီးသွားခဲ့ပါသည်။ ဘယ်နေရာကို ကြည့်ကြည့် တစ်ချိန်တုံးက လှပခဲ့သော အဆောက်အဦးများသည် ပြိုကျပျက်စီးရုံမက သစ်ပင်၊ ပန်းမာလ်နှင့် အုန်းသီးပင်တို့ပါ ကျိုးကြေလဲကျနေသဖြင့် ရှုတ်ထွေးညစ်ပတ်၊ ပစ္စလက္ခတ် ဖြစ်နေပါသည်။ ထိုအကြောင်းကို မသိပဲ ရန်ကုန်မှ၊ ပုသိမ်မှ ထွက်လာကြသောသူများတို့သည် ချောင်းသာကို မုန်တိုင်းစဲစမှာ ရောက်လာကြပါ၏။ မမျှော်လင့်ထားသော မြင်ကွင်းကို ကြည့်၍ ထိတ်လန့်ကာ၊ တည်းခိုရန် နေရာများကမရှိသဖြင့် ရန်ကုန်၊ ပုသိမ်ဆီသို့ ပြန်ကြရန် ဆုံးဖြတ်ပါသည်။ ဤအခြေအနေမှာ. . . ကားသမားများက ဈေးကိုမြှင့်၍ တောင်းလေသည်။ သူတစ်ပါးအခက်၊ ငါ့စီးပွားကွက်ပဲဟု ယူဆကာ ပုသိမ်အထိ သာမာန်ကားခ တစ်ထောင်ကျပ်ကို သုံးလေးဆတိုးတောင်းလေ၏။ မပြန်လို့ကမဖြစ်တော့ အောင့်သက်သက်နှင့် လေးထောင်၊ သုံးထောင်ပေးစီးကာ ရှုံ့ရှုံ့မဲ့မဲ့ နှင့် ပြန်သွားကြရပါသည်။

နေ့ချင်းညချင်းပင် စီးပွားတက်သွားသောကားကိုယ်စားလှယ်သည် ပြုံးပြုံးရွှင်ရွှင်နှင့် သူရသင့်သည့် ကော်မရှင်ခကို ယူကာ အိမ်သို့ပြန်သွားပါ၏။ မမျှော်လင့်ပဲ ရေအကျမှာ သူ၏အိမ်တစ်လုံးလုံးမျှောပါ ပျက်ပြုန်းသည်ကိုလည်းကောင်း၊ မွေးထားသော ဝက် ဆယ်ကောင် ပျောက်ဆုံးသည်ကို မသိသေး၍ မတရားရသောငွေနှင့် ပျော်နေခြင်း ဖြစ်ပါသည်။ နေ့စဉ် အသက်တာအတွက် စီးပွားဥစ္စာရှာကြသောအခါ မည်သည့်ကျင့်ဝတ်ကို လိုက်နာသင့်ပါသနည်း။ ကျွန်တော်တို့ငယ်ငယ်တုံးကတော့ မသိသူကျော်သွား၊ သိသူဖော်စား. . ဆိုသော ဉာဏ်ပညာကွာမှု (Knowledge gap) ကို အသုံးချ၍ စီးပွားရှာခြင်းဖြင့် ချမ်းသာသူအများရှိပါ၏။ ယခုအချိန်၌မူ. . . နိုင်သူအကုန်စား (Winner take all) ဖြစ်နေမှုကြောင့် စာနာထောက်ထားမှု၊ ငဲ့ညှာသနားမှုနှင့် ကြင်နာမှုတို့သည် ခေတ်သစ်စီးပွားရေးစံနစ်များ၌ တန်ဖိုးမရှိတော့ပါ။

ကျွန်တော်တို့ယုံကြည်သူများအနေနှင့် ထိုကဲ့သို့သော အခြေအနေမျိုးကို ကြုံရလျှင်. ဒါကတော့ ဘုရားပေးတဲ့အခွင့်အရေးပဲ အောက်မေ့လိုက်မည်လား။ သူများတကာတွေလည်း လုပ်နေတာပဲ၊ ငါတို့ မလုပ်ရင် အ,ရာကျမယ်ဟု ဆုံးဖြတ်ကာ သူများလုပ်လို့ လုပ်တာလေဟု ဆင်ခြင်ပေမည်လား။ ခရစ်ယာန်တစ်ယောက် ကိုးကွယ်အားထားသော ဘုရားသခင်သည် မေတ္တာရှင် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့၏ စိတ်ထဲမှာ စီးပွားဥစ္စာထက် မေတ္တာသည် အရေးသိပ်မပါသလိုဖြစ်လျှင် မိမိ၏ ဝိညာဉ်ရေးကို မည်သို့ပြင်ဆင်မည်နည်း။ သန့်ရှင်း၍ မိမိ၏ ကျင့်ဝတ်နှင့် ညီသောစီးပွားဥစ္စာအားဖြင့် ကောင်းကြီးမင်္ဂလာကို ရယူကြပါစို့။

လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ။ (ကောရိန္သုဩဝါဒစာ ဒုတိယစောင်၊ ၅း၁၇)

## "ဘိုးဘေးတို့၏ ယုံကြည်ခြင်း..."

မြန်မာနိုင်ငံ၏ နှစ်ခြင်းခရစ်ယာန်သမိုင်းသည် ပထမဦးဆုံးသော ယုံကြည်သူဦးနောကို ဆရာယုဒသန်သည် ၁၈၁၉ ခုနှစ် ဇွန်လ (၂၇)ရက်နေ့တွင် ဗတ္တိဇံပေး၍ ဘာသာဝင်အဖြစ် သွတ်သွင်းနိုင်ခဲ့ပါ၏။ ဦးနောနှစ်ခြင်းခံသောနေ့နှင့် အနီးဆုံးဥပုဒ်နေ့သည် ယခုအခါ 'ဦးနောနေ့' ဖြစ်နေပါပြီ။ ဦးနောနေ့ရောက်သောအခါ ပထမယုံကြည်သူများ၏အကြောင်း၊ တစ်နည်းအားဖြင့် သာသနာ့သမိုင်းဝင် အသီးဦးတို့၏ အကြောင်းကို ဆင်ခြင်မိပါသည်။ ဦးနောနှင့်အတူ၊ ကိုသာဖြူဟူသော အမည်မှာလည်း သတိရစရာဖြစ်ခဲ့ပါ၏။ စင်စစ်. . . ဦးနောသည် တံငါသည်ရေလုပ်သား၊ ကြမ်းတမ်းစွာဖြင့် တစ်ဝမ်းတစ်ခါ ရှာဖွေစားသောက်ရင်း လူလားမြောက်ခဲ့ရသူပါ။ ဇနီးသည် မပိုက်နှင့် ပုဇွန်တောင်ချောင်းအနားမှာနေရင်း ဟိုတုန်းက လူတွေအထင်သေးသော အလုပ်ကို လုပ်၍ နှိမ့်ချပြုမူခြင်းခံခဲ့ရပါသည်။ ပတ်ဝန်းကျင်၌ မျက်နှာမရသည့် ငရဲသွားမည့် သတ္တဝါတစ်ကောင်လို ဆက်ဆံခဲ့ရပါ၏။ ဆရာကြီးယုဒသန်နှင့် ဆူးလေစေတီအနားက ဇရပ် (ယခု၊ ဗမာနွေလအသင်းတော်နေရာ)မှာ တွေ့ရှိ၍ ခရစ်တော်၏ တရားကို ကြားနာရသည်မှ စပြု၍. . . ငြိမ်သက်ခြင်း၊ ကယ်တင်ခြင်းတရားကို လက်ခံခဲ့သူဖြစ်ပါသည်။

ကိုသာဖြူဆိုသည့် သူတစ်ယောက်မှာလည်း ဆင်းရဲသောဘဝမှ ကြမ်းတမ်းသောဓားပြဖြစ်လာကာ လူပေါင်းများစွာ၏ အသက်ကို ရက်ရက်စက်စက်ချွေခဲ့ ပေါက်ကွဲခဲ့သောအပြင်းစားလူကြမ်းတစ်ယောက် ဖြစ်ပါသည်။ တပ်ထောင်ပါဗိုလ်ထုနှင့် နှိမ်နင်းခြင်းခံရလျက် သူအဖွဲ့ကွဲလေမှ လက်ရဖမ်းမိလောက်အောင် တေပေခဲ့သောရာဇဝင်တွင်မည့်လူဆိုး ဖြစ်ပါ၏။ ရေကြည်မြို့ဈေးအတွင်းမှာ ကျွန်အဖြစ်အရောင်းခံရ၍ အင်္ဂလိပ်ငွေတစ်ဆယ်နှင့် ဝယ်ယူခံရသည့်နောက် ဆရာကြီးယုဒသန်ထံသို့ ရောက်လာခဲ့ပါသည်။ ပထမတော့ ခန္ဓာအတွက် ဝယ်ခဲ့တယ်လို့ပဲ အောက်မေ့ပါသည်။ ကာလကြာသောအခါ မိမိ၏ ဝိညာဉ်ကိုပါ ဝယ်ခဲ့သည်ကို၊ ကိုသာဖြူ သဘောပေါက်၍ ခရစ်တော်၏ နောက်တော်လိုက်ဖြစ်လာကာ. . နှစ်ခြင်းရာဇဝင်မှာ အသီးဦးအဖြစ် ကဗ္ဗည်းစာတင်ခံရပါ၏။

ဘိုးဘေးတို့၏ ဘဝသည်လည်း နီသောအဆင်းကဲ့သို့ အပြစ်များကို ပိုက်ပွေ့ထားကြပါသည်။ သို့သော် ဧဝံဂေလိသတင်းစကားကို ကြားနာလက်ခံသောအခါ မိုယ်းပွင့်ကဲ့သို့ ဖြူသောအဆင်းနှင့် ပြောင်းလဲခြင်းရလေ၏။ သခင်ခရစ်တော်၌ တည်သောအခါ ခပ်သိမ်းသောအရာသည် ပြောင်းလဲပါ၏။ အဟောင်းဝတ်ရုံကို ချွတ်ချ၍ အသစ်သော ဘဝကို စတင်ခွင့်ရကြပါသည်။ ယနေ့တွင် ဦးနောသည် ငရဲကို သွားမည့်သူဟု မပြောမဆိုပဲ၊ နှစ်ခြင်းသာသနာ၏ ပထမအသီးဟု တင်စားခေါ်ဝေါ်ပြောင်းလဲဆိုခြင်း ခံရလေပြီ။ ကိုသာဖြူ ကိုလည်း လူဆိုးကြီး၊ လူကြမ်းကြီးဟု မအောက်မေ့စေတော့ပဲ၊ ကရင်အမျိုးသားတို့အတွက် ရှေ့ဆောင်လမ်းပြ၊ ဝိညာဉ်ရေးဖခင်အဖြစ် သတ်မှတ်ခံရပါပြီ။ လူမည်သည်ကား ခရစ်တော်၌ ရှိလျှင် အသစ်ပြုပြင်သော သတ္တဝါဖြစ်ပါ၏။





သင်တို့သည် သက်သေခံရသောအခွင့်ရှိကြလိမ့်မည်။ ထို့ကြောင့် သင်တို့သည် အဘယ်သို့ ပြန်ပြောရမည်ကို ရှေ့မဆွက မဆင်ခြင်ခြင်းငှါ သတိထားကြလော့။ (ရှင်လုကာ ခရစ်ဝင်ကျမ်း၊ ၂၁း၁၃)

## "သက်သေခံရသောအခွင့် ..."

မဝေဝေမော်နှင့် မကေသီခိုင်အမည်ရှိ မိန်းကလေးနှစ်ယောက်သည် ရွှေပြည်သာမှ နေကြပါသည်။ ခေတ်မီမီအမည်ရှိ အပ်ချုပ်ဆိုင်ကို တည်ဆောက်၍ အသက်မွေးပါ၏။ သူတို့ဆိုင်နှင့်ပတ်သက်သော သတင်းကောင်းကို အမြဲကြားနေရသော်လည်း တစ်ခါမျှ မရောက်ဖူးပါ။ သူတို့ရောက်လာသောအခါမှ ဝမ်းသားစွာတွေ့ရပါသည်။ ချိုသောမျက်နှာ၊ အချိုးအဆက်လှလှပပနှင့် သူတို့ဆိုင်နာမည်ကိုပဲ ခေတ်မီမီနှင့် ချောမောကြသူများ ဖြစ်ပါသည်။ ဆုတောင်းပေးဖို့ လာပြောကြရင်း အလှူငွေများ လာပေးပါသည်။ ဆုတောင်းပြီးသောအခါ ကေသီခိုင်က နွေရာသီသင်တန်းအတွေ့အကြုံကို ပြောပြပါ၏။ သူတို့က အောင်ဆန်းမြန်မာနှစ်ခြင်းအသင်းသားများဖြစ်၍ ကျမ်းစာသင်တန်းကို ဖဒိုမြို့နားက ကျွန်းတောရွာမှ သွားလုပ်ကြပါ၏။ သင်တန်းပြီး၍ လှည်းများနှင့် ပြန်လာသောအခါ ဖဒိုမြို့မှ နံနက်စောစော ကားစီးရမှာမို့ သန်းခေါင်းချိန်မှာပင် ရွာမှ ထွက်လာခဲ့ကြပါ၏။ လွင်ပြင်ကျယ်ကိုလှည်းများဖြတ်သန်း၍ သချိုင်းတစပြင်တစ်ခုအနားသို့ရောက် သင်းအုပ်ဆရာတော်ဦးချစ်ထွေးက တက်ချက်ကာ သတိမေ့မော၍ ရုန်းကန်လေ၏။ နဂိုကလည်း အားနည်းသူဖြစ်ရာ၊ အသက်ပါသွားတော့မည်ကဲ့သို့ ဖြစ်ပါသတဲ့။

လမ်းခုလတ်မှာလည်းဖြစ်၊ ညနက်သန်းခေါင်းလည်းဖြစ်၊ ဆရာဝန်လည်းမပါသော အချိန်မှာ ဘာမှမတတ်နိုင်ကြပါ။ အားလုံးဆုတောင်းတာပဲ တတ်နိုင်သည်။ မိသားစုသာမက သင်တန်းသားလူငယ်များ အားလုံးအပြင်းအထန် ဆုတောင်းပါသည်။ ကြောက်လန့်တကြားပင် ဘုရားသခင်ကို အော်ဟစ်တောင်းလျှောက်ခဲ့ပါသည်။ မျှော်လင့်စရာ၊ အားကိုးစရာမရှိလေမှ စိတ်နှလုံးကိုပုံ၍ ဆုတောင်းနိုင်သော သင်ခန်းစာကို ဘုရားသခင်ပေးသလိုပါပဲ။ အားလုံးစုပေါင်း ဆုတောင်းနေစဉ်. . . အဖြူရောင်အရိပ်ကို ဆရာစီးသောလှည်းမှာတွေ့ကြရပါ၏။ အများပင် မြင်ကြပါ၏။ ကောင်းကင်တမန်ဖြစ်မှာပဲဟု အောက်မေ့သော်လည်း မကြောက်ကြပါ။ ဆုတောင်းရင်း တောင်းရင်းနှင့် လူငယ်များက ဆရာ့လှည်းနားမှာ လိုက်ပါသွားရင်း ဖဒိုမြို့ရောက်လျှင်. . . အဖြူရောင်အရိပ်ကို မမြင်ရတော့ပါ။ ဆရာလည်း အံ့ဩဖွယ်ကောင်းလာခဲ့ပါသတဲ့။

ကေသီခိုင်က သက်သေခံပါ၏။ ကျွန်မဘဝမှာ. . . သင်တန်းတွေလည်း တက်လိုက်တာပဲ။ ဆုလည်းတောင်းလိုက်တာပါပဲ။ ကျမ်းစာလည်း ဖတ်တာပေါ့။ ဒါပေမယ့်. . . ဒီတစ်ခါတော့ ဆရာရေ. . . တကယ့်ကို ဘုရားသခင်ကို အော်ဟစ်တောင်းလျှောက်မိတာ။ အနှစ်သာရအစစ်နဲ့ ဝိညာဉ်ရေးရာကို စမ်းသပ်ကိုင်တွယ်မိတာပဲ။ အံ့ဩဖွယ်နိမိတ်လက္ခဏာဆိုတာရှိတယ်. . . ဆရာဟု အားပါတရပြောပြပါသည်။ ကိုယ်တွေ့ဖြစ်၍ အားပါတရသက်သေခံသောသမီးငယ် ကေသီခိုင်အတွက် ဝမ်းမြောက်မိပါ၏။ ဘုရားသခင်ဆိုတာ ပုံပြင်ထဲက တန်ခိုးရှင်မဟုတ်သလို ဓမ္မသစ်ကျမ်းသည်လည်း ညအိပ်ယာဝင်ပုံပြင်ဒဏ္ဍာရီမဟုတ်ပါ။ တကယ်စမ်းကြည့် တကယ်သိမှာပါ။ ကိုယ်တော်သည် မနေ့၊ ယနေ့၊ နောင်ကာလာ မပြောင်းလဲ အမြဲတည်လျက် ရှိပါသည်။ ဘေးရောက်သည့်ကာလ၌ ကူမတော်မူပါ၏။

**ဇွန်လ (၂၇) ရက်၊ ၂၀၀၆ ခုနှစ် (အင်္ဂါနေ့)**

အို. . . ထာဝရဘုရား၊ အကျွန်ုပ်၌ အပြစ်များလှသောကြောင့် နာမတော်ကို ထောက်၍ ချမ်းသာပေးတော်မူပါ။ (ဆာလံကျမ်း၊ ၂၅း၁၁)

---

## “အပြစ်များလှသောကြောင့် ...”

တစ်နေ့တွင်၊ ကျွန်တော်၏တပည့်တဦးက အရက်မူး၍ သူ့ဇနီးကိုနှိပ်စက်ကြောင်း လာပြောကြပါ၏။ ဆရာသွားပြောပေးပါဦးဆိုတော့ ခက်သားပဲ။ ဘယ့်နှယ့်လုပ်မလဲ. . . ငါနဲ့မဆိုင်ဘူးထင်တယ်။ သူ့မိန်းမ သူ့ဖာသာရိုက်တာလေ. . . ဟု ငြင်းမိပါ၏။ တကယ်လဲ စဉ်းစားရခက်သည်။ တော်ကြာ သင်းအုပ်ဆရာက သူများလင်မယားကြားထဲ ဝင်ပါတယ် အပြောခံနေရဦးမှာလေ။ သို့သော်. . . သူ့အစ်မကတောင်းပန်၏။ မောင်လေးက သူများ ပြောတာ နားထောင်တာမဟုတ်ဘူး။ ဆရာတစ်ယောက်ပဲ ပြောလို့ရတာမို့ လာပြီးအကူညီ တောင်းရတာဟု. . . သာသာထိုးထိုး မြှောက်ပင့်ပြောရင်း ထန်းတက်လက်မှတ်ပေးနေရာ ကျွန်တော်လည်းမနေသာ။ ထလိုက်ရပါသည်။ တပည့်လေးအိမ်သို့ ရောက်သောအခါ ရန်ပွဲက စဲကာစ။ ဇနီးသည်က တစ်နေရာမှာငို။ ခင်ပွန်းသည်က တစ်ဒေါင့်မှာပစ်လဲနေ၏။ သူများသားသမီးကို ချစ်ရုံအားမရ၊ ရိုက်ရမှ အားရသဖြင့် မောနေဟန်ရှိပါ၏။ ကျွန်တော့်ကိုတွေ့လျှင် သူကပင် ဦးအောင်မေးပါသည် မိတ်ဆွေ။

“ဆရာရယ်. . .၊ ကိုယ့်မိန်းမကိုယ်ရိုက်တာ. . . အပြစ်လား။ ပြီးတော့ အရက်သောက်တာအပြစ်လားဗျာ။ အလကားဗျာ။ မမတို့က ပိုကိုပိုတယ်။ ဆရာ့ကို ဒုက္ခသွားပေးတာ။ အပြစ်မှ မဟုတ်တဲ့ဥစ္စာ. . . ”ဟု ဆီး၍ပြောရာ ကျွန်တော်က ဓမ္မဆရာလည်းဟုတ်။ သားသမီးလိုလဲ ဖြစ်တော့. . . လဲနေသောသူ့နံဘေးကို ခတ်ဆတ်ဆတ်ရိုက်ပြီးမှ ကောင်းကောင်းထိုင်စမ်း၊ ငါမေးမယ်. . . အပြစ်ဆိုတာဘာလဲ ဟုမေးပါသည်။ သူကအတော်ကြာအောင်စဉ်းစားပြီးမှ၊ မူးတယ်ဆရာရေ။ မူးတယ်။ မသိဘူးဗျာ. . . အပြစ်ကိုမသိဘူး ဟုဖြေလေ၏။ ကျွန်တော်က အပြစ်ကိုမသိပဲ အပြစ်ပြုမိတာ အများကြီးပဲ။ အပြစ်ဆိုတာ ဘာမှန်းမသိပဲနဲ့. . . ဒီလိုသောက်တာ၊ မိန်းမကိုနှိပ်စက်တာ ဘယ်ဟုတ်ပါ့မလဲ ဟုပြောလျှင် အပြစ်ဖြစ်လို့လား. . . ဟုမေးပါသည်။

အပြစ်ဆိုသောအကြောင်းကို ဆရာမကြီးဒေါ်မြတ်ရင်က ပစ်မှတ်လွဲချော်မှု(Missing the mark) ဟုပြောခဲ့ဖူးပါ၏။ လုပ်သင့်သောအလုပ်ကို မလုပ်ခြင်းနှင့် မလုပ်သင့်သောအလုပ်ကိုလုပ်ခြင်းသည်၊ ‘အပြစ်’ဖြစ်သည်အကြောင်း သွန်သင်ခဲ့ပါသည်။ အပြစ်သည် အကြီးစား၊ အသေးစားဟူ၍ ရှိပါသလား။ လောကမျက်စေ့ဖြင့် သူများကိုမုန်းတီးသော အပြစ်သည်ပေ့ါပါး၍၊ သူများကိုသတ်သောအပြစ်သည် ကြီးလေးသည်ဟု အောက်မေ့၍ မြင်တတ်သော်လည်း ဝိညာဉ်ရေးမှာတော့ အပြစ်သည်အပြစ်သာဖြစ်သည်။ ဘုန်းတော်ဝင်စားပြီးသော ဆရာကြီးဦးဘမျှင်က. . . သူမကို ဥပမာပေး၍ ရှင်းပြခဲ့ဖူးသောအချက်မှာ “နင့်ရဲ့လက်မောင်းဖွေးဖွေးပေါ် ချေး(ချီး)ကလေး သုံးလေးစက်လောက်ပဲပေတာ အရေးမကြီးဘူးဆိုပြီး ဒီအတိုင်းထားမှာလား. . . ဟုမေး၍ ဆုံးမဖူးကြောင်း ပြောပြခဲ့ပါ၏။ ကိုယ့်ဖာသာအရက်သောက်တာ အပြစ်မရှိဘူး။ ကျမ်းစာထဲမှာ အရက်မသောက်ရဘူးဟု ရေးမထားပါဘူး ဟုဆင်ခြင်ပေးလျက် ဒုစရိုက်မှာမွေ့လျော်ခြင်းသည် စင်စစ်အိမ်ထောင်၌ ပစ်မှတ်လွဲချော်ခြင်းတစ်မျိုး ဖြစ်သည်ကို ဆင်ခြင်ကြပါစို့။



**ဇွန်လ (၂၈) ရက်၊ ၂၀၀၆ ခုနှစ် (ဗုဒ္ဓဟူးနေ့)**

ငါ၏ဂုဏ်ကျေးဇူးကို ချီးမွမ်းကြလိမ့်မည်။ အကြောင်းမူကား ငါရွေးကောက်သူ၊ ငါ၏ လူတို့သောက်စရာ ဘို့တော၌ ရေများကိုငှင်း၊ လွင်ပြင်၌ မြစ်တို့ကိုငှင်း ငါပေးမည်။ (ဟေရှာယ အနာဂတ္တိကျမ်း၊ (၄၃း၂၀)

---

## “ရွေးကောက်သောကြောင့် ...”

အိမ်ကလေးကကျဉ်းရသည့်ထဲ ပစ္စည်းအဟောင်းများကို စုဆောင်းတာဝါသနာပါသောယောက်ခမကြောင့် စိတ်ညစ်ရပါသည်။ အသက်(၈၂)နှစ်ကျော်လာသည့်တိုင် သူမ၏ ဝါသနာကို မစွန့်လွှတ်နိုင်ပါ။ ကျွတ်ကျွတ်အိတ်အဟောင်း၊ ဆေးပုလင်း၊ ပလပ်စတစ်ဗူးခွက်၊ ရေသန့်ဘူးဟောင်း၊ စက္ကူဖာများမှစ၍ ဇွန်းအကျိုး၊ ခွက်အစုတ်၊ သတင်းစာဂျာနယ်အဟောင်းပါမကျန် တိုလီမုတ်စအားလုံးကို စိတ်အားထက်သန်စွာ သိမ်းဆည်းစုဆောင်းသောကြောင့် သားသမီးများက လူသာလာပါ၊ ပစ္စည်းမပါရဟု ပညတ်သည်ကို နားမထောင်ပဲ ဖွဲကောင်းနေသဖြင့် ကျွန်တော်တို့နှင့် သာနေရလေ၏။ သူမ၏ ပစ္စည်းအဟောင်းတို့သည် တစ်နေ့တခြား များများလာ၍ စွန့်ပစ်ရန်လည်း ပြောမရသဖြင့် ကြာတော့အိမ်ထဲမှာ သွားရလာရခက်ခဲလာပါသည်။ တဖြည်းဖြည်း နယ်ချဲ့လာရာ ကျွန်တော်နှင့် စာအုပ်များက ဧည့်ခန်းထဲသို့ ရွှေ့ပြောင်းရလေ၏။ ဧည့်သည်လာလျှင် ကျွန်တော်နှင့် စာအုပ်များမှာ အိုးမဲ့အိမ်မဲ့ ဖြစ်ရပြန်၏။

သို့သော် အဖိုးမတန်သော အစုတ်ပလုတ်များကြောင့်ပင် အခက်အခဲများမှ မကြာခဏ ကျွန်တော်တို့ လွတ်မြောက်ရပြန်၏။ စာအုပ်ထုတ်ပေးဖို့. . . ပလတ်စတစ်အိတ်တွေ သူမကပေးတတ်ပါ၏။ ခရီးဝေးကိုသယ်သွားမည့် ပစ္စည်းအတွက် သူ့ဖာသာသူဗူးက အဆင်သင့်ဖြစ်တတ်ပါ၏။ ဟောင်းသော်လည်း၊ အနည်းငယ်ပေါက်ပြဲသော်လည်း သုံး၍ရနေပါ၏။ လှိုင်သာယာလေဘေးအတွက် ထမင်းထုပ် အကူအညီပေးရမည်ဆိုတော့၊ သူမက စိတ်အားထက်သန်စွာနှင့်၊ သတင်းစာအဟောင်း၊ ကျွတ်ကျွတ်အိတ်နှင့် ပလတ်စတစ်အိတ်တွေ တပုံကြီး ပေးနိုင်ပါသည်။ အဟောင်းထဲမှာ ကောင်းတာရှိပါတယ်။ နည်းနည်းဟောင်းလို့ ပစ်လိုက်ရမယ်။ နည်းနည်းစုတ်လို့ ပစ်လိုက်ရမယ်။ နည်းနည်းစုတ်လို့ ပစ်ထုတ်လိုက်ရင် နှမြောစရာ မကောင်းဘူးလား ဟုပြောတတ်ပါ၏။

တကယ်တော့. . . ဘုရားသခင်ရှေ့မှာ ကျွန်တော်တို့က အကောင်းစားတော့မဟုတ်ပါ။ အပြစ်အနာဆာရှိ၍ ပေါက်နေသော ကျွတ်ကျွတ်အိတ်နှင့် တူကြောင်းသတိရမိပါသည်။ မကောင်းတော့ဘူး၊ အမှိုက်ပုံထဲသွားပစ်လိုက်ဟု ဘုရားသခင် မဆုံးဖြတ်သောကြောင့် အသက်ရှင်ခွင့်ရနေခြင်း ဖြစ်ပါသည်။ ကျေးဇူးတော်ကို ချီးမွမ်းစရာပါ မိတ်ဆွေ။ အနာအဆာနှင့် အမှားများပြည့်နေစေကာမူ၊ ကိုယ်တော်က ကျွန်မတို့၌ တိမ်မြုပ်နေသော အလားအလာကို ဆက်လက်ရှာဖွေပါ၏။ အပြစ်ပြုခဲ့သော်လည်း ထိုချို့ယွင်းမှုများကို ပြုပြင်ပေးပါသည်။ သခင်ယေရှုသည် ကျွန်တော်တို့၏ အရှုံးကို ပြုပြင်၊ အနာကိုပျောက်စေပြီး၊ ဖန်ဆင်းရှင်နှင့် ပြန်လည်မိတ်သဟာယ ဖွဲ့စေပါသည်။ ဘုရားသခင်သည် ကျွန်တော်တို့၏ အားနည်းချက်များကို ကျော်လွှန်ပြီး တစ်ဦးစီကို တန်ဖိုးထားကာ မေတ္တာဖြင့် သွေးဆောင်ခဲ့ပါသည်။ ကျွန်တော်တို့သည်လည်း မိသားစုတို့၏ ကောင်းမြတ်မှုကို ရှာရှာဖွေဖွေ မြင်တတ်သူများ ဖြစ်နိုင်ကြပါစေ။

**ဇွန်လ (၂၉) ရက်၊ ၂၀၀၆ ခုနှစ် (ကြာသပတေးနေ့)**

ထာဝရဘုရားသည် ကောင်းသောသဘော၊ ဖြောင့်မတ်သော သဘောနှင့်ပြည့်စုံတော်မူသည်ဖြစ်၍ အပြစ်ရှိသော သူတို့ကို လမ်းပြတော်မူ၏။ (ဆာလံကျမ်း၊ ၂၅း၈)

## "ကောင်းသောသဘော..."

တစ်ခါက လင်မယားကွာရှင်းခွင့်တောင်းတဲ့ အမျိုးသမီးတစ်ယောက်ကို သင်းအုပ်ဆရာက 'ကောင်းပြီ။ ပထမဦးဆုံး ဆရာ့ကို မင်း သူ့ကို ဘာဖြစ်လို့ လက်ထပ်ခဲ့တာလဲဆိုတာကို ပြောပြပါ။' ဟု တောင်းဆိုသတဲ့။ အမျိုးသမီးက သူက ကျွန်မကို ချစ်တယ်။ ပြီးတော့ ကောင်းမွန်စွာ လက်ထပ်မယ်။ ဖူလုံစွာလုပ်ကျွေးတယ်။ သားသမီးအပေါ် ကြင်နာတယ်။ မိသားစုအပေါ်မှာ အလွန်သစ္စာရှိတယ်။ ဂတိပေးခဲ့တဲ့အတိုင်း သူ လုပ်ဆောင်ပေးနိုင်ခဲ့တာကို ကျွန်မ နှစ်သက်ခဲ့ပါတယ်. . . ဟု ဖြေလေ၏။ သင်းအုပ်ဆရာက 'ကောင်းပြီ၊ ဒါဆိုရင် မင်းခင်ပွန်းဂျိုနသန်ကို ဘာဖြစ်လို့များ ဆက်ပြီး မချစ်နိုင်တော့တာလဲ' ဟု မေးပြန်သည်။ ထိုအခါ ဇနီးသည်က အံမယ်လေး သူ အလွန်ဆိုးတယ်ဆရာ။ အဝတ်အစားတွေ ကြမ်းပေါ် ပစ်ချတယ်။ သူများအိမ်သွားလည်ရင် အထူးသဖြင့် ကျွန်မမိဘအိမ်ကို ရောက်ရင် အိပ်ငိုက်နေတာပဲ။ အိပ်ရင်လည်း အသံကျယ်ကျယ်နဲ့ ဟောက်တတ်သေးတယ်။ ပစ္စည်းတွေယူပြီး သူ့နေရာနဲ့ ဘယ်တော့မှ ပြန်မထားဘူး။ ညစာစားရင်လည်း အမြဲနောက်ကျပြီး အိပ်ယာက ထဖို့ နှိုးရတာခက်တယ်။ ထမင်းချက်တာ တူးသွားရင်လည်း ပွစိ ပွစိနဲ့ ဆူပူလို့ကို မဆုံးနိုင်ဘူး ဟု အားရပါးရပြောလေသည်။

ထိုအခါ သင်းအုပ်ဆရာက ကွာရှင်းဖို့တော့ လွယ်ပါတယ်။ သို့သော် ယခု အိမ်ပြန်ပြီး ရက် (၃၀) လောက် စဉ်းစားပါဦး။ ဒီအချိန်ကာလမှာ ကျွန်မက ဘာလို့ သူ့ကိုချစ်မိတာလဲဆိုတဲ့ ကောင်းကွက်တွေ အားသာချက်ကိုသာ တွေးကြည့်ပါ။ သူ့မှာ ရှိတဲ့ သေးငယ်ပြီး ထူးခြားတဲ့ဝါသနာတွေကို မစဉ်းစားနဲ့။ သူဟာ သစ္စာရှိတဲ့ ယောကျ်ား။ ကလေးတွေကို ကြင်နာစွာ ပြုစုတယ်။ မိသားစုကို ကောင်းမွန်စွာ လုပ်ကျွေးတယ်။ ဇနီးသည်အပေါ်မှာ သစ္စာရှိတယ်။ ချစ်တယ်။ ချစ်သူကို ယုယတယ်. . . စတဲ့ ကောင်းတဲ့ အရာကို စဉ်းစားပြီးတော့မှ ကွာရှင်းချင်သေးရင် ပြန်လာခဲ့ပါ. . . ဟု တိုက်တွန်းပါသတဲ့။ ထို့နောက်တွင် တစ်လပြည့်သည်သာမက နောက်ခါတွင် ထိုအမျိုးသမီးပေါ် မလာတော့ပါ။

တစ်ခါတစ်ရံ ဘဝတွင် ခဲယဉ်းခြင်းများကို တွေ့ရသောအခါ ဘုရားသခင်က ကျွန်တော်တို့အား ဂရုမစိုက်ဘူးဟု အောက်မေ့ပါသည်။ စုံစမ်းခြင်းများ တွေ့ရသောအခါ ဘုရားသခင်က ပြစ်ထားသည်ဟု အောက်မေ့ကာ စိတ်ကောက်စိတ်နာ၍ ဘုရားရှင်နှင့် ကွာရှင်းချင်လာပါသည်။ စင်စစ် သွေးဆောင်ခြင်းတစ်မျိုးသာ ဖြစ်ပါသည်။ ဘုရားသခင် မည်မျှကောင်းမြတ်သည်ကို ကျွန်တော်တို့ သိခဲ့သော်လည်း ယာယီခဲယဉ်းခြင်းများက ဘုရားသခင်ကို အထင်မှားစေပါသည်။ ရက်အနည်းငယ်မျှ အချိန်ယူ၍ ဘုရားသခင်၏ ကျေးဇူးတော်ကို ပြန်လည်ရေတွက်ခြင်းဖြင့် သံသယကို ပြေပျောက်စေသည်သာမက ခွန်အားအသစ်ကိုလည်း ရပါဦးမည်။ စာတန်သည် ဟောက်သော ခြင်္သေ့ကဲ့သို့ နံဘေးဝန်းကျင်မှာ သွေးဆောင်ခြောက်လှန့်နေသည်ကို သတိပြု၍ နာမတော်ကိုသာ ဖက်ယမ်းကြပါစို့။ ဘုရားရှင်သည် ကျွန်တော်တို့အား ချစ်သည်သာမက ကောင်းမြတ်သော အရာများနှင့် ပတ်စည်းခဲ့၊ ပတ်စည်းဆဲရှိသည်ကို အောက်မေ့ကြရပါမည်။



**ဇွန်လ (၃၀) ရက်၊ ၂၀၀၆ ခုနှစ် (သောကြာနေ့)**

ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသော သားတော်ကိုစွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ (ယော၊ ၃း၁၆)

## "တစ်ပါးတည်းသော..."

အင်္ဂလန်နန်းရင်းဝန်ဟောင်းဝင်စတန်ချာချီလ်သည် စစ်ရေး နိုင်ငံရေးနယ်ပယ်မှာ အထူးထင်ရှားကျော်ကြားခဲ့သော သမိုင်းထဲမှပုဂ္ဂိုလ်ဖြစ်ပါ၏။ သူအသက်ကြီးလာ၍ အိုမင်းလာသောအခါ နာမည်ကျော်အီတန်ကောလိပ်က ဖိတ်၍ဟောပြောခြင်း(special talk)ပေးခိုင်းပါသည်။ ပျိုမြစ်နုနယ်သောကျောင်းသားလူငယ်များက ကမ္ဘာကျော်လူသားတစ်ယောက်ထံမှထူးခြားကြီးကျယ်သော ဘဝတွေ့အကြုံနှင့် မှတ်သားစရာများကိုကြားသိရလိမ့်မည်ဟု မျှော်လင့်ထားကြပါသည်။ ချာချီလ်သည် ဘိုးဝါးစစ်ပွဲတုံးကဆောင်းခဲ့သော ဦးထုပ်၊ လက်တစ်ဖက်ကကြိမ်တုတ်ကိုကိုင်ကာ၊ ဆေးပြင်းလိပ်ခဲလျက် စင်မြင့်ပေါ်တက်လာခဲ့ပါသည်။ တကယ်တော့ ရှည်လျားစွာစကားပြောဖို့ အင်အားမရှိပါလေ။ သို့သော်ပရိသတ်မျှော်လင့်ထားသည်ထက် တိုတောင်းသောဝါကျတစ်ကြောင်းကိုသာ လေးနက်စွာပြောပြီး. . . ပြန်ဆင်းသွားလေသည်။

Never, never, never, never, never, never give up.

ဘယ်တော့မှ, ဘယ်တော့မှ, ဘယ်တော့မှ, ဘယ်တော့မှ, ဘယ်တော့မှ, ဘယ်တော့မှ အရှုံးမပေးနဲ့၊ ပရိတ်သတ်သည် ငြိမ်သက်နေပြီးမှ လက်ခုတ်သြဘာသံ သောသောညံညံပေးလိုက်ပါသည်။ မှန်ပါသည်။ တစ်ချိန်ကဆိုလျှင် ထိုစကားကိုပဲ၊ စာတွေ့၊ ငါတွေ့၊ ဥပမာ၊ သာဓကဖြင့် နာရီများစွာပြောကောင်းပြောပါလိမ့်မည်။ သို့သော်. . . အနှစ်သာရကတော့ တစ်ချက်တည်းပါပဲ။ ရှည်လျားစွာမကြားရခြင်းအတွက် ထိုနေ့က ပရိသတ်များနစ်နာခဲ့ခြင်းမရှိပါ။ စကားတစ်ခွန်းတည်းနှင့် အပြီးပြောခဲ့သည့် ချာချီလ်၏မိန့်ခွန်းသည် သူတို့အတွက် တစ်သက်တာ အမှတ်တရဖြစ်ခဲ့သည်။ ဘဝအတွက်တန်ဖိုးရှိလှသည့် တစ်ခွန်းတည်းသော သြဝါဒစကားသည် သူတို့ခေါင်းထဲထာဝရစွဲမြဲသွားလေသည်။ ဘယ်တော့မှ အရှုံးမပေးပါနဲ့။ ထိုစကားဖြင့်ဘဝကို အခက်အခဲထဲမှ ကျုံးထ၍အောင်မြင်အောင်တည်ဆောက်သွားနိုင်သူ အများရှိခဲ့ပါလိမ့်မည်။

ဝိညာဉ်ရေးရာမှာ ကျွန်တော်တို့အားလုံးသည် ကြိုးစားပန်းစားလုပ်ဆောင်၍ ထာဝရအသက်ကို ရှာဖွေခဲ့ပါ၏။ မည်သူမျှ ထာဝရပျက်စီးလောင်ကျွမ်းရာသို့ မိမိ၏ ဝိညာဉ်ကို မပို့ချင်ပါ။ သို့ဖြစ်၍ လူများစွာသည် ရင်းနှီးမှုအမျိုးမျိုးဖြင့် ကယ်တင်ရာလမ်းကို ရှာဖွေနေကြပါ၏။ သို့သော် တကယ်တော့. . . နည်းလမ်းတစ်ခုသာ အဓိကဖြစ်သည်ကို မသိသောကြောင့် ဆင်းရဲပင်ပန်းရပါ၏။ ကရာနီကုန်းထက်မှာ အသက်နှင့် အသွေးကို သွန်းလောင်းခဲ့သော ခရစ်တော်ယေရှု၏။ စွန့်လွှတ်ခြင်းက ယုံကြည်သူအားလုံး၏ အပြစ်ကြွေးကို ပြည့်ပြည့်ဝဝပေးဆပ်ခဲ့ပြီးပါပြီ။ တစ်ကြိမ်တည်းပါပဲ။ တစ်ယောက်တည်းပါပဲ။ သို့သော် ဘုရားသခင်၏ သားတော်၏ အသွေးသွန်းခြင်းကိစ္စဖြစ်၍ အဖိုးအနဂ္ဃထိုက်တန်လှပါသည်။ သားတော်ကို စွန့်တော်မူသည်တိုင်အောင် ချစ်တော်မူ၏. . . ဟူသော နှုတ်ကပတ်တော်တစ်ချက်တည်းနှင့် လွတ်မြောက်ခွင့်ကို သင်နှင့် ကျွန်ုပ်ရခဲ့ပါပြီ မိတ်ဆွေ။